# မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁၅)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၁၉-၁၀-၂၀၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၇ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာခြင်း

၁။ နိုင်ငံတော်သမ္မတရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာသည့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

စာမျက်နှာ ၃ သို့ ✧

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၈ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၇/၂၀၂၆) ဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ

စာမျက်နှာ ၃ သို့ ★

## ဒုတိယသမ္မတ ဦးညိုစောကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်လည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ○




ဒုတိယသမ္မတ ဦးညိုစော ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

## ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည်မဟုတ်ကြောင်း အသိပေးထုတ်ပြန်ချက်

လတ်တလော လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် သတင်းမီဒီယာအချို့က ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည့်သတင်းများ ဖြန့်ဝေလျက်ရှိရာ (ကျပ်ငွေငါးသောင်းတန်) ငွေစက္ကူသစ်များ ထုတ်ဝေမည်ဆိုသည့် မမှန်မကန်သော ကောလာဟလသတင်းများ ပျံ့နှံ့လျက်ရှိပါကြောင်း၊ ယင်းသတင်းများသည် မှန်ကန်မှုမရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်များ ထုတ်ဝေမည့်အစီအစဉ် မရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှု ရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည့်အတွက် ငွေကြေးတည်ငြိမ်ရေးနှင့် ငွေကြေးစနစ်တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့ အများပြည်သူ၏အကျိုးစီးပွားကို ပျက်ယွင်းအောင် ဈေးနှုန်းမတည်မငြိမ်မှုဖြစ်အောင် သတင်းမှားဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၈-၁၀-၂၀၂၆)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၈

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဧလ

## MAI က ရန်ကုန် - ချန်ဒူး ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲ

ရန်ကုန် အောက်တိုဘာ ၁၈

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား လေကြောင်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ရန်ကုန် - ချန်ဒူး ခရီးစဉ်သစ်ကို အောက်တိုဘာ ၁၅ ရက်တွင် စတင်ပျံသန်းပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် တရုတ်နိုင်ငံရှိ ချန်ဒူးထျန်းဖူ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပျံသန်းပြေးဆွဲခြင်းဖြစ်ပြီး ယခုခရီးစဉ်သစ်

စာမျက်နှာ ၃ သို့ ✛



၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္လာနေ့။

မန္တလေး

# ပညာရရှိရန် စာအုပ်၊ စာပေများကို အစဉ်တစ်စိုက်လေ့လာရမည်

လူငယ်ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။ ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍မကုန် ယူ၍မခန်းနိုင်သောသဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစ်စိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစား စုံလင်ပြီး မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။ စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏ နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် စာပေတို့ကို ဖတ်ရှုသင့်ကြသည်သာဖြစ်သည်။ ရသအဖွဲ့စာပေတို့ကို ဖတ်ရှုရသည့်အခါ စာပေ၏ အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် သတ္တလောက၊ ဩကာသလောကတို့ကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ လောကတို့၏ သဘာဝနှင့် အလုအပတို့အပေါ် နားလည်ခံစားမှုတို့မှတစ်ဆင့် အပြုသဘောအမြင်များ၊ ချစ်ခင်တွယ်တာမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ စသည်တို့ ဖွံ့တည်လာသည်။ ထိုအခါ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့မှာလည်း စာဖတ်သူ၏ စိတ်သန္တာန်တွင် ကိန်းအောင်းလာသည်။ သုတစာပေကမူ အသိပညာဗဟုသုတတို့ တိုးပွားစေသည့် စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာ ဗဟုသုတ ပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ရယူကြရသည်။ ထို့ကြောင့် သုတစာပေဖြစ်စေ၊ ရသစာပေဖြစ်စေ စာကောင်းပေမွန်တို့ကို ငယ်စဉ်ကာလကပင် စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အထတို့ရှိကြဖို့လိုသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ အရွယ်အလိုက် စာပေကိုဖတ်ရှုရန် အလေ့အကျင့်ရဖို့ ပျိုးထောင်ပေးဖို့လည်း လိုအပ်သည်။ ပညာပြည့်ဝနှလုံးလှရန်အတွက် လူတိုင်း မိမိကိုယ်ကိုယ်မြှင့်တင်ရန် မဖြစ်မနေလုပ်ရမည့် အလုပ်မှာ စာတတ်သူတိုင်း စာဖတ်ကြရန်ပင်ဖြစ်သည်။ စာအုပ်ဝယ်ဖတ်ရန် ငွေကြေးမရင်းနီးလိုသူများ၊ လူငယ်လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများ ငွေကုန်ကြေးကျမရှိ စာဖတ်နိုင်သည့်နေရာမှာ စာကြည့်တိုက်များပင်ဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ စာကြည့်တိုက်များ၏ လုပ်ငန်းယန္တရားလည်ပတ်မှုသည် စာဖတ်သူတို့များပြားစည်ကားသည်နှင့်အမျှ ပိုမိုသွက်လက်လှုပ်ရှားလာနိုင်မည်ဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာ၊ ဗလငါးတန်တို့ ပြည့်စုံရေးအတွက် ပညာရရှိရန် စာအုပ်စာပေများကို အစဉ်တစ်စိုက်လေ့လာရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အဆင့်မြင့်ဈေးချိုတော်နှင့် မန်းမြနန်းမာပလာဇာ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဒုတိယ ညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးတို့ ဦးဆောင်၍ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္တေနှင့် အရန်မီးသတ်ဦးစီးမှူးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်ရှိ အဆင့်မြင့်ဈေးချိုတော်နှင့် မန်းမြနန်းမာပလာဇာတို့အား ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ဈေးအတွင်း ရေရရှိရေးနှင့် မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်သည့် လမ်းကြောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ဈေးဆိုင်များအား မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၃/၂၀၂၆) ဆင်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၃/၂၀၂၆) ဆင်းပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မဟာအောင်မြေခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ခဲ့ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မဟာအောင်မြေခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်ကြီးတံခွန်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်မင်းမျိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ (၁၈)ရပ်ကွက်မှ သင်တန်းသား အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၅)

## (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို ဓမ္မသဘင်ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ချိုပါအရှေ့ရပ်ရှိ ရတနာဂုဏ်ရည်ဓမ္မဗိမာန်၏ (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို ဓမ္မသဘင်ကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ၆ ရက်တိုင်တိုင် ညစဉ် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဓမ္မသဘင် ပထမညတွင် ဓမ္မကထိက ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တပညာသူရ (B.A Buddhism)၊ ဒုတိယညတွင် သာသနာ့ဓဇဓမ္မာစရိယ ဝိနယဝိဒူ ဆရာတော် ဘဒ္ဒန္တဂန္ဓသာရ၊ တတိယညတွင် ဒက္ခိဏာရာမ ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တ ပါမောက္ခ၊ စတုတ္ထညတွင် ကမ္မဌာနာစရိယ ဓမ္မာစရိယ ရွှေတံခါး ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ပဥ္စမညတွင် မြို့နယ် သံဃနာယကအဖွဲ့ဝင် နယ်လှည့် ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဆဋ္ဌမညတွင် ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တကုသလတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားနာယူကြည်ညိုနိုင်ရန် ကြွရောက်ကြပါရန် ဓမ္မသဘင်ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (၀၅၃)

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၂၆ ခုနှစ် (၁၈၈)ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်(TOPIK) စာမေးပွဲကို အဆိုပါ တက္ကသိုလ်တွင် ယနေ့နံနက် ၉ နာရီက စတင်ကျင်းပသည်။



မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL) စာစစ်ဌာနတွင် TOPIK 1 (Level 1-2) မှ ၆၅၀ ဦး၊ TOPIK 2 (Level 3-6) မှ ၁၀၈၀ ဦး စာဖြေသူဦးရေ စုစုပေါင်း ၁၇၃၀ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်းနှင့် အဆိုပါ ကိုရီးယားဘာသာ အရည်အချင်းစစ် (TOPIK)စာမေးပွဲသည် ကမ္ဘာနှင့်တစ်ဝန်း တစ်ပြိုင်နက်တည်း ကျင်းပသော စာမေးပွဲဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

✧ ဥပဒေကဲ့သို့မှ

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၏ သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ဃ) အရ ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

★ စစ်အုပ်ချုပ်ရေးမှ

စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

○ ရွှေ့ဖုံးမှ

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဒေသတစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ရာသီဥတုနှင့် ရေမြေသဘာဝတူညီသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဆီအုန်းနှင့် ရော်ဘာအပြင် ဒူးရင်းကို အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးရန်၊ အထွက်နှုန်း လျော့နည်းကျဆင်းသည့် သက်တမ်းရင့် စိုက်ခင်းများကို မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးရန်နှင့် ကော်ဖီနှင့် ကိုကိုးကို သီးညှပ်စိုက်ပျိုးရန်နှင့် တိရစ္ဆာန်အစားအစာဖြစ်သည့် အစေ့ထုတ်ပြောင်းကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး ထွက်ကုန်များကို တန်ဖိုးမြှင့် ထွက်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးစား ဆောင်ရွက်ကြရန်၊ နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် စိုက်ပျိုးမွေးမြူရေး မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်နယ်အလိုက် ကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလောင်းကစား လိမ်လည်မှုများ လျော့နည်းကျဆင်းပြီး ကင်းစင်သွားသည်အထိ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ ကုန်စည်စီးဆင်းမှု လုံခြုံရေးနှင့် မြန်ဆန်ချောမွေ့ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ပြည်နယ်အတွင်း ဆန်နှင့်ဆီဖူလုံမှုရှိရေးအခြေအနေများ၊ KG+9 ပညာရေးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံ တက်ရောက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေး သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ဌာနအလိုက် e-government လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က ပြည်နယ်ဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုသက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရုံးအသီးသီးရှိ တွေ့ဆုံပွဲများတွင် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဒေသဖွံ့ဖြိုးမှု၊ ဓာတ်မြေသြဇာဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ ပရီစီးရှင်းအော်တို အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ သုံးဘီးယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အဲရီး အော်တို အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ လျှပ်စစ်မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ၏ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများ တပ်ဆင်ထုတ်လုပ်နေမှု၊ အရည်အသွေးစမ်းသပ် တိုင်းတာနေမှုတို့ကိုလည်းကောင်း၊ ရှိုင်းထူး လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ၏ ခေတ်မီလယ်ယာသုံးစက်များ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ကွန်ပျူတာနှင့် အားကစားပညာရပ်များ လေ့ကျင့်သင်ယူနေမှုအခြေအနေကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/ ၂၀၂၆ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၆ သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
ရဲဝင်းဦး
ဗိုလ်ချုပ်ကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်ကျုံးကျေးရွာအုပ်စု၊ ရှမ်းရွာကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ (၁၂)ကြိမ်မြောက်အဖြစ် ငွေကျပ် ၃၅ သန်းအား ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးစဉ်။

သန်းသန်းစိုး

✢ MAI မှ

စတင်ပြေးဆွဲခြင်းကြောင့် နှစ်နိုင်ငံကြား လေကြောင်းဆက်သွယ်မှု ပိုမိုတိုးတက်ခိုင်မာလာစေရန် အထောက်အကူပြုမည်ဖြစ်ကာ ခရီးသည်များအတွက်လည်း ခရီးသွားလာမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုတိုးချဲ့ပေးနိုင်မည်ဖြစ်သည်။

ရန်ကုန် - ချန်ဒူး ခရီးစဉ်သစ်ကို ကနဦးတွင် လစဉ်ပြေးဆွဲသွားရန် စီစဉ်လျက်ရှိပြီး ပြေးဆွဲမည့်ရက်များနှင့် အကြိမ်အရေအတွက်တို့ကို ခရီးသည်များ သွားလာမှုအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း MAI မှ သိရသည်။

MAI အနေဖြင့် Mingalar (ယခင် Air KBZ) နှင့်အတူ ခရီးသည်များအတွက် လေကြောင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပြီး ရန်ကုန် (RGN) နှင့် မန္တလေး (MDL) တို့ကို အဓိကလေကြောင်းအချက်အချာနေရာများအဖြစ်ထားရှိကာ မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံတကာခရီးစဉ်များ အပါအဝင် ခရီးစဉ်ဒေသ ၄၁ ခုသို့ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ယင်းတို့တွင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ အိန္ဒိယ၊ အာရပ်စော်ဘွားများပြည်ထောင်စု(UAE)၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် လာအိုနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

ကိုထက်

☆ စာမျက်နှာ ၂၄ မှ

ဦးစွာ ဒုတိယသမ္မတဒေါ်နန်းနီနီအေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားနှင့် ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းတို့သို့ သွားရောက်၍ အခမ်းအနားအစီအစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းသာစွာဖြင့် အနုပညာစွမ်းရည်များ ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခန်းမများ၊ မီး/ အသံစနစ်၊ နေရာထိုင်ခင်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အကဲဖြတ်ဒိုင်လူကြီးများ အမှတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေး စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ဖွင့်ပွဲအခမ်းအနားသည် ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပုံရိပ်ဖြစ်သဖြင့် အခမ်းအနားအစီအစဉ်များ၊ အသံ/ မီးစနစ်နှင့် နောက်ခံ LED Display များ စနစ်တကျဖြစ်စေရေး၊ ဖျော်ဖြေရေးအဖွဲ့များ စနစ်တကျ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ရန်၊ အခမ်းအနားတက်ရောက်ကြမည့် ဧည့်သည်တော်များ နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရာတွင် လိုအပ်သည့်အထောက်အကူပြုပစ္စည်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ခန်းမများအတွင်း လေအေးပေးစနစ်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

နေပြည်တော်တည်းခိုရေးစခန်း၊ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂)သို့ ရောက်ရှိစဉ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များနှင့် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် ရေ၊ မီး လုံလောက်စွာရရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များကို စနစ်တကျကျွေးမွေးနိုင်ရေး၊ အယ်လ်နီညိုရာသီဥတုအရှိန်ကြောင့် နေ့ရက်အလိုက် အပူအအေးမမျှတခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများနှင့် ကြုံတွေ့ရနိုင်သဖြင့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် ဒိုင်အဖွဲ့များ ကျန်းမာရေးတစ်စုံတစ်ရာ ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုစီမံထားရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပမည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံသို့ သွားရောက်၍ လဟာပြင်ကဇာတ်ရုံအတွင်း ဇာတ်တော်ကြီးပြိုင်ပွဲကပြယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိမှု၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအတွက် နေရာထိုင်ခင်းစီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ဇာတ်တော်ကြီးပြိုင်ပွဲသည် မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာအဆင့်အတန်းကိုဖော်ညွှန်းသည့် ပြိုင်ပွဲကြီးဖြစ်သဖြင့် ပြိုင်ပွဲဝင်အဖွဲ့များ၏ အနုပညာစွမ်းရည်များအား အပြည့်အဝဖော်ထုတ် ကပြယှဉ်ပြိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄)ရပ်ဖြင့် အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဗီယက်နမ်နိုင်ငံရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြပြီး ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိကြသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ ဟာလောင်းမြို့သို့ ထွက်ခွာကြကာ ယူနက်စကို (UNESCO)၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် Halong Bay သို့ ရောက်ရှိပြီး အပျော်စီးသင်္ဘောဖြင့် လေ့လာကြည့်ရှုကြသည်။

လေ့လာစဉ် သဘာဝအတိုင်း လှပသော ထုံးကျောက်လိုဏ်ဂူဖြစ်သည့် Thien Cung Cave အတွင်းရှိ ထုံးကျောက်တန်းများ၊ ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စွယ်ကျောက်နံရံများ၏ သဘာဝ အလှတရားများနှင့် ထူးခြားသည့်ရှုခင်းများ၊ Lu Huong ကျွန်းနှင့် Couple ကျွန်းများ၏ သဘာဝ ထုံးကျောက်တောင်ဖြစ်တည်ပုံများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် သဘာဝပင်လယ်ကမ်းခြေ ရှုခင်းများကို စိတ်ပါဝင်စားစွာ လေ့လာကြသည်။

ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးတက္ကသိုလ်ဖြစ်ခဲ့သည့် Temple of Literature ကို ရောက်ရှိပြီး UNESCO အသိအမှတ်ပြုကျောက်လိပ်ကြီးများ၏ ကျောပေါ်တွင် စိုက်ထူထားသည့် ကျောက်စာတိုင်များနှင့် ဗီယက်နမ်ပညာရေးဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများ၊ သမိုင်းဝင် အမွေအနှစ်များအား ခေတ်မီဒီဂျစ်တယ် နည်းပညာများ အသုံးပြု ပြင်ဆင်ထားသည့် 3D ကျောက်စာများကို လေ့လာခဲ့ကြသည်။

## ကြည့်ရှုလေ့လာ

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသားကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင် အထိမ်းအမှတ်နေရာ ဖြစ်သည့် ဟိုချီမင်းပြတိုက်သို့ ရောက်ရှိပြီး ဟိုချီမင်း၏ ဘဝဇာတ်ကြောင်းအတ္ထုပ္ပတ္တိ၊ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း စာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းပစ္စည်းများ၊ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် စစ်သည်များ၏ စစ်ဝတ်စုံ၊ အသုံးအဆောင်များနှင့် လက်နက်ငယ်များ ပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် One Pillar Pagoda ရှေးဟောင်းဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၊ Ba Dinh ရင်ပြင်နှင့် ဟိုချီမင်းဂူဗိမာန်၊ ဗီယက်နမ်နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု၊ ပထဝီဝင်နှင့် သမိုင်းဆိုင်ရာ အထောက်အထားများ ခိုင်မာစွာ ကျန်ရှိနေသည့် UNESCO ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်း ခံထားရသော Imperial Citadel of Thang Long ရှေးဟောင်းနန်းတော်၊ Vietnam Military History Museum နှင့် ဗီယက်နမ်၏ ရှေးအကျဆုံးနှင့် အထင်ကရရိုးရာ ပိုးထည်ထုတ်လုပ်ရာ ကျေးရွာကြီးဖြစ်သည့် Van Phuc Silk Village တို့သို့ရောက်ရှိကြပြီး ဗီယက်နမ်နိုင်ငံ၏သမိုင်းကြောင်းများ၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းဗိသုကာ အမွေအနှစ်များ၊ သမိုင်းဝင် တိုက်လေယာဉ်များ၊ တင့်ကားများ၊ စစ်ဆင်ရေးမြေပုံများ၊ ပြင်ပကွင်းပြင်မှ စစ်လက်နက်ကြီးများ၊ ခေတ်မီ 3D မာတီမီဒီယာပြခန်းများ၊ ပိုးကောင်မွေးမြူခြင်း၊ ပိုးအိမ်မှ ပိုးမျှင်ထုတ်ယူခြင်း၊ ပိုးချည်ဆိုးဆေး ဆိုးခြင်းမှစ၍ ရှေးဟောင်း သစ်သားရက်ကန်းစင်များနှင့် ခေတ်မီရက်ကန်းစက်များဖြင့် ပိုးထည်ရက်လုပ်နေပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးစေရေး၊ ကျောင်းမုန့်ဈေးဆိုင်များမှာ ရောင်းချနေသည့် အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ တို့ကို မြို့နယ်ကျောင်း ကျန်းမာရေးကော်မတီအဖွဲ့ဝင်များမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ သတ်မှတ်ထားသော စားသုံးရန်မသင့်သည့် အစားအစာများရောင်းချခြင်း၊ အားဖြည့်အချိုရည်၊ ဂတ်စ်ပါသော အချိုရည်များ ရောင်းချခြင်း၊ အချို၊ အငန် လွန်ကဲသော အသင့်စား စားသောက်ကုန်များရောင်းချခြင်းနှင့် သက်တမ်းကျော်လွန်သော အစားအစာများ ရောင်းချခြင်း စသည့် အချက်များကို အခြေခံကာ စစ်ဆေးခဲ့သည်။

အဆိုပါ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးကော်မတီနာယက ဦးထွန်းထွန်းဝင်း၊ ကျောင်းကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝါဝါကျော်နှင့် ကျောင်းကျန်းမာရေး ကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**ချမ်းမြေ့မောင်**



**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့**
**စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄) ဆူ ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ



ညောင်ရွှေ အောက်တိုဘာ ၁၈

အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄) ဆူ အင်းလေးဒေသ (၂၁) ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာမှ အင်းလေးရိုးရာ ဘုရားဆွဲလှေ ၄၂ စင်းဖြင့် ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ဦးစွာ ညောင်ရွှေမြို့ ဖောင်တော်ပြန် မဏ္ဍပ်ရှေ့ရှိ နန်းကပ်ချောင်းအတွင်း အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများ ညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် EV စက်လှေဖြင့် ကျောင်းကြို၊ ကျောင်းပို့နှင့် အင်းလေးဒေသထွက်ကုန် ဖြစ်သည့် ခရမ်းချဉ်သီး သယ်ယူပေးပို့မှု သရုပ်ပြသခြင်း၊ ဆွမ်းပို့လှေ သရုပ်ပြသခြင်း၊ ကိန္နရီကိန္နရာအက၊ အင်းတိုင်းရင်းသားအက၊ တိုးနရားအကတို့ဖြင့် ကပြဖျော်ဖြေနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ပွဲတော်လာ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄) ဆူပင့်ဆောင်လာသည့်ကရဝိက်ဖောင်တော်သည် ညောင်ရွှေမြို့ နန်းကပ်ချောင်းအတိုင်း အင်းလေးရိုးရာဆွဲလှေများဖြင့် ညောင်ရွှေမြို့ ဖောင်တော်ဆိုက် ပြာသာဒ်သို့ ဆိုက်ရောက်ပြီး ကရဝိက်ဖောင်တော်ပေါ်မှအင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် ပထမအဆူကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဒုတိယအဆူကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ တတိယအဆူကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ စတုတ္ထအဆူကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း ညောင်ရွှေမြို့ အတွင်းသို့ လှည့်လည်အပူဇော်ခံမည့် မော်တော်ယာဉ်မှ ပြာသာဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံနေစဉ် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများ ကျင်းပရာ အမျိုးသား (၄၆) တက် အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသားရာကျော်လှေ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ ကျောင်းသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ ကျောင်းသား(၂၆)တက် ဗိုလ်လုပွဲနှင့် အမျိုးသမီး (၂၆) တက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြရာ လှေအသင်းများက အားကြိုးမာန်တက် စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာတိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ဆွမ်းပို့လှေအဖွဲ့ကို အင်းတိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ တစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသူများကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က လည်းကောင်း၊ ကျောင်းသား(၂၆)တက်ပြိုင်ပွဲတွင် ဒုတိယဆု၊ ပထမဆုရရှိသည့် အသင်းများကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးက လည်းကောင်း၊ အမျိုးသား(၄၆)တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့် အသင်းများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသမီး(၂၆)တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့် အသင်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော် လှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသည့် အသင်းများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ညောင်ရွှေမြို့ အဋ္ဌဒိသာ ဓမ္မဝိဟာရစ်ကျောင်းတော်၌ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ညောင်ရွှေမြို့နယ် မိုင်းသောက် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၁၈

အခြေခံပညာကျောင်းသား၊ကျောင်းသူများ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)က ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဦးစွာ ဟောပြောပွဲတွင် အမှတ်(၂၁)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ဦးစီးအရာရှိ ဦးထွန်းလင်း၊ ဦးစီးအရာရှိ ဦးစိုးပိုင်တို့က ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အများအကျိုးနှင့် ကိုယ်ကျိုးအကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေးအကြောင်း၊ ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ (ဝ၆၉)

## အမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**သာစည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ညနေက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက ကစားသမားများအား အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထွန်းဦးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲမှ ပထမရရှိသည့်အသင်းကို ဆုငွေကျပ်သိန်း ၃၀ နှင့် ဆုဖလား၊ ဒုတိယရရှိသည့်အသင်းကို ဆုငွေကျပ်သိန်း ၂၀ နှင့် နေရာအလိုက် အကောင်းဆုံးဆုလေးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုများကို ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၈၇)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## စက်သုံးဆီအရောင်းဆိုင်များမီးလောင်မီးလန့်မှု မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး

**မြို့သစ် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုကြောင့် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက လယ်ပြင်ရပ်ကွက်ရှိ Max စက်သုံးဆီအရောင်းဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့သည်။




ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် Max စက်သုံးဆီအရောင်းဆိုင်အား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အရောင်းဆိုင်ဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်စေခြင်း၊ ဆိုင်အတွင်းရှိ မီးငြိမ်းသတ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ခြင်းရှိ၊ မရှိစစ်ဆေးခြင်းနှင့် ရေများအလွယ်တကူရရှိနိုင်ရန် စီမံဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၁ | ဖရိုင်းဘတ် |
| မိုချန်ဂလာဘတ် | ၁ | - | ၂ | ဟော်ဖန်ဟိမ်း |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| အူဒီးနိစ် | ဝ | - | ၃ | လက်ချီ |
| ပီအိုရင်တီးနား | ၁ | - | ၃ | ကိုမို |
| အေစီမီလန် | ၃ | - | ၂ | အတ္တလန်တာ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၂ | - | ဝ | ရေးဆင်း |
| ဆဲလ်တာဗီဂို | ၂ | - | ၁ | အလာဗက်စ် |
| မာလာဂါ | ၂ | - | ၅ | ဆိုစီဒက် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| အန်ဂါးစ် | ၂ | - | ၅ | မာဆေးလ် |
| လီဟာဗာ | ၁ | - | ၃ | အော်ဇေး |
| လိုရီယန့် | ၁ | - | ဝ | မိုနာကို |
| ပဲရစ် | ၄ | - | ၃ | ရင်းနက်စ် |

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**မြစ်သား အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကင်းစိန်ဈေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကင်းစိန်ဈေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၇၂) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံကာ ကျေးရွာတွင်း ကွန်ကရစ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီး အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကင်းစိန်ဈေးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေမှ ၅၀ ရာခိုင်နှုန်း အတိုးရငွေကျပ် ၁၆ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၄ ဒသမ ၁၈ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၁၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၉ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၇၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကင်းစိန်ဈေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၂၀၀ စု၊ လူဦးရေ ၈၄၂ ဦးအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။ (ဝဲပုံ) (၄၄၅)



# သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ကန့်ဘလူ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ကြီးဘိုးဘွားများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဦးမိုးနိုင်နှင့်ဆရာမများက ဘိုးဘွားများအား သွေးပေါင်ချိန်၍ စမ်းသပ်စစ်ဆေးကာ ထုံကျင်၊ ကိုက်ခဲနာကျင်၊ အကြောတင်၊ ဒူးနာ ခါးနာဝေဒနာရှင်များအား ကုသပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ပေးအပ်ပြီး အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးဝါးကုသပေးရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဇနီးတို့က လာရောက်ကြည့်ရှုအားပေးပြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီ ဂါရဝပြုပေးအပ်ခဲ့ကြောင်းနှင့် ဘိုးဘွား ၃၁ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

၀-၀-၀-၀-၀-၀-၀-၀



# ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

**တပ်ကုန်း အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ကျောင်းကုန်းကျေးရွာတွင် နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျ ဦးဆောင်၍ ကျန်းမာရေး ဆရာ၊ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်ပို့သာနယ်မြေခံ ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များက ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်ခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျက ကျန်းမာရေးအသိပညာပေးများ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ငါးနှစ်အောက်ကလေး ကာကွယ်ဆေးထိုးနှံမှု ၅၈ ဦး၊ ငါးနှစ်နှင့် ခုနစ်နှစ်အထိ ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးနှံမှု ၃၇ ဦး၊ ကိုးနှစ်မှ ၁၂ နှစ်အထိ မိန်းကလေးငယ်များ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံမှု ၄၁ ဦး၊ ကိုယ်ဝန်ဆောင်မိခင်များ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံမှု ရှစ်ဦး၊ ငါးနှစ်အောက်ကလေးများ ကိုယ်အလေးချိန် ချိန်ခြင်းနှင့် အာဟာရစောင့်ရှောက်မှု ၇၂ ဦး၊ ငှက်ဖျားရောဂါစစ်ဆေးပေးခြင်း ၉၂ ဦး၊ သံခာတ်အားဆေး တိုက်ကျွေးခြင်း ၃၇ ဦး၊ အိမ်ခြေ ၂၆၈ အိမ်အား ပိုးလောက်လမ်း ဆေးခတ်ပေးခြင်း၊ အခမဲ့သွေးဖောက်စစ်ဆေးပေးခြင်း ၉၂ ဦး၊ သွေးတိုး၊ ဆီးချိုစစ်ဆေးခြင်း ၁၅ ဦး၊ အထွေထွေကျန်းမာရေး ၆၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ကျောက်ဆည်မြို့အတွင်းရှိ ကျေးရွာ လေးရွာမှ ပြည်သူများအား စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာမှ ပြည်သူများအား ယမန်နေ့က ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၅၉၀ ဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၇၂၆၉ ဖြင့် ဝယ်ယူခဲ့ပြီး ဦးတင်လင်းအောင် (အမေထွား)ဆီအရောင်းဆိုင်မှ ဒွေးလှကျေးရွာပြည်သူများကို စားအုန်းဆီ ပိဿာ ၁၁၀၊ ဒေါ်ကေဇာခိုင် (ဗိုလ်တစ်ထောင်) ဆီအရောင်းဆိုင်မှ အောင်ချမ်းသာကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ ဒေါ်သီတာ(စစ်ငြိမ်း) ဆီအရောင်းဆိုင်မှ ချောင်းဆုံကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ ဒေါ်အိအိမိုး (နေလသုခ ၂)ဆီအရောင်းဆိုင်မှ ဘိုတိုင်ပေါက်ကျေးရွာပြည်သူများကို စားအုန်းဆီ ပိဿာ ၃၃၀ တို့အား အသီးသီးရောင်းချခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**စုစုအေး(ကျောက်ဆည်)**

# တိုင်းရင်းဆေးကုဗေဒပညာဖြင့် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တိုင်းရင်းကုသခြင်း၌ အကျိုးကျေးဇူးများပြားစေရန် ရည်ရွယ်၍ ဇီးချောင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဆေးကုသပေးခြင်းလုပ်ငန်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ပထမဦးစွာ ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူးဒေါ်ဝိုင်းမေက ကျောင်းသား၊ ကျောင်းသူများအား အာဟာရပြည့်ဝ၍ ဘေးကင်းစိတ်ချရသော အစားအစာများကို စားသုံးသင့်ကြောင်း၊ ဒါ့အပြင် ကိတ်မုန့်၊ ပေါင်မုန့်၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ အချိုရည်ဘူးစသည့် အသင့်အစားအစာများသည် အဆီဓာတ်များပြီး ကျန်းမာရေးနှင့် ညီညွတ်မှုမရှိကြောင်း၊ မိမိတို့ နေ့စဉ်စားသောက်နေသော အစားအစာများသည် ဘေးကင်း၍ အာဟာရပြည့်ဝရန် လိုအပ်ကြောင်း၊ ဝဲ၊ ယားနာရောဂါအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အခြားသော ရောဂါများကို တိုင်းရင်းဆေးပညာဖြင့် ကုသပေးကြပြီး လိမ်းဆေးနှင့် သောက်ဆေးပေးခြင်း၊ ရှောင်ကြဉ်သင့်သော အစားအစာများကို ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး ဇီးချောင်းကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ၂၀ ဦး၊ ကျောင်းသူ ၄၅ ဦး၊ စုစုပေါင်း ၆၅ ဦး တို့အား အခမဲ့ ကွင်းဆင်းကုသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ရဲတင့်(ပြန်/ဆက်)**



ပလတ်စတစ်ညစ်ညမ်းမှုကို
တိုက်ဖျက်ကြစို့။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Yoo Hae Jin က The King's Warden နှင့် အမြင့်ဆုံး Daesang ဆုကြီးရရှိ




၂၀၂၆ ခုနှစ် (၆၂)ကြိမ်မြောက် ဘိတ်ဆန်းအနုပညာဆုပေးပွဲတွင် ရုပ်ရှင်၊ရုပ်သံ စသည့် နယ်ပယ်စုံကို ဆုချီးမြှင့်ခဲ့ရာ အမြင့်ဆုံး Daesang ဆုကို The King's Warden မှ မင်းသားကြီး ယူဟေဂျင်းက ရရှိသွားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားနှင့်ဆုများစွာ ဆွတ်ခူးရရှိခဲ့ရာ နန်းကျဘုရင်ငယ်လေး သရုပ်ဆောင် ပတ်ကျီဟွန်းက မျက်နှာသစ်သရုပ်ဆောင်ဆုနှင့် ပရိသတ်ကြားကျော်ကြားမှု ဆုနှစ်ဆုနှင့် လက်ခံစောင့်ရှောက်မိရာမှ နက်ရှိုင်းသောသံယောဇဉ်ဖြစ်သွားသည့် ရွာသူကြီး ဇာတ်ရုပ်နှင့် ယူဟေဂျင်း (မျက်လုံးသရုပ်ဆောင်ချက်များ ပီပြင်ခဲ့သည်)က အမြင့်ဆုံး Daesang ဆုကြီးကို နောက်ဆုံးမှ ဆွတ်ခူးရရှိခဲ့သည်။

ပရိသတ်များ မျက်ရည်ကျသည်အထိ အားပေးခဲ့ရသူနှစ်ဦးက ဆုရရှိခဲ့သဖြင့် ပျော်ရွှင်ခဲ့ကြရသည်။

(SKY)

*-*-*-*-*-*-*

## Black Pink မှ Jennie က ကေပေါ့ပ်ထိပ်တန်း ရက်ပ်ပါဖြစ်



ကေပေါ့ပ်လောကတွင် ရက်ပ်စကားနှင့် ပါဖောမင့်ပိုင်းအရ သြဇာအရှိဆုံး၊ အရည်အချင်းအရှိဆုံးဟု သတ်မှတ်ခံရသည့် ထိပ်ဆုံးရက်ပ်ပါဆယ်ဦးစာရင်းတွင် ဘလက်ပင့်ခ်မှ ဂျင်းနီက ထိပ်ဆုံးပါဝင်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်းနီ၏ ရက်ပ်စတိုင်လ်မှာ ပြတ်သား၍ အသံထွက်ကောင်းပြီး သီချင်း၏ခံစားမှုအလိုက် ပြောင်းလဲနိုင်စွမ်းရှိရာ Solo နှင့် Pink Venom တွင် ရက်ပ်ပိုင်း အကောင်းဆုံးတွေ့ရသည်။

အိုင်ဒီရယ်မှ ဆိုယွမ်မှာ ရက်ပ်ပါတစ်ဦးဖြစ်ပြီး ကိုယ်တိုင်ရေးသားသီဆို၍ သီချင်းထဲ ရက်ပ်ထည့်ရမည့်နေရာကို သိသူဖြစ်သည်။ စတေရီကစ်မှ ချန်ဆင်း၏ရက်ပ်စကားမှာ အမြန်ဆုံးနှင့် အားအကောင်းဆုံးဖြစ်သည်။

လီဆာကလည်း ရက်ပ်ကို စည်းချက်နှင့်အညီ အသုံးချနိုင်ကြောင်း Money တွင် ပြသခဲ့ကာ ဘီတီအက်စ်မှ အာရ်အမ်က စာသားအနက်အဓိပ္ပာယ်တွင် ဆရာတစ်ဆူဖြစ်ပြီး ဂျီဒရယ်ဂွန်က ရက်ပ်ပိုင်းလမ်းအသစ် ထွင်ခဲ့၍ ဆူဂါက စိတ်လှုပ်ရှားမှုကို ရက်ပ်နှင့်ပုံဖော်ခဲ့ကာ ဗီးကို၊ မွန်ဖြောင်းနှင့် ဘောသီတို့လည်း ထိပ်တန်းရက်ပ်ပါများ ဖြစ်ကြသည်။

(SKY)

## Kim Seokjim@Jin ၏ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှု



ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် အိမ်ခြံမြေရင်းနှီးမြှုပ်နှံရာတွင် ကျွမ်းကျင်သူဖြစ်၍ Hannan The Hill အိမ်ရောင်းချမှုမှ ဝမ် ၈ ဒသမ ၂ ဘီလီယံကျော်အမြတ်ရရှိခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်သည် ဆိုးလ်မြို့၏ နာမည်ကျော် ဇိမ်ခံအိမ်ရာ Han-nan The Hill ထဲမှ သူပိုင်ဆိုင်သည့် ဇိမ်ခံတိုက်ခန်းတစ်ခန်းကို ဝမ် ၁၂ ဒသမ ၇ ဘီလီယံနှင့် ရောင်းချခဲ့ရာ လွန်ခဲ့သည့် (၇)နှစ်က ပိုင်ဆိုင်မှုကြောင့် အမြတ်ငွေ ၈ ဒသမ ၂ ဘီလီယံကျော် ရရှိခဲ့သည်။

ဂျင်သည် တောင်ကိုရီးယား၏ အထူးခြားဆုံး အဆင့်မြင့်အိမ်ရာဝင်းဖြစ်သည့် အဆိုပါဇိမ်ခံတိုက်ခန်းသုံးခုကို ပိုင်ဆိုင်ထားရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် တစ်ခန်း၊ ၂၀၂၆ ခုနှစ် မတ်လတွင် နှစ်ထပ် Penthause တစ်ခုကိုပါ ဝယ်ယူထားသည်။

ယခုနောက်ဆုံး အိမ်ရောင်းချမှုမှတစ်ဆင့် ဂျင်သည် ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် အမြော်အမြင်ရှိသူဖြစ်သည်ဟု ပရိသတ်များက မှတ်ချက်ပေးထားကြသည်။

(SKY)

*-*-*-*-*-*-*

## ထိုင်းဇာတ်လမ်း The Last Duel များ သမိုင်းဝင်ဖြစ်




ထိုင်းအနုပညာလောကမှ ရိုက်ကူးထုတ်လွှင့်ထားသည့် ထိုင်း-မြန်မာပွဲ နောက်ခံသမိုင်းဝင်ဇာတ်လမ်းတွဲ The Last Duel နောက်ဆုံး ယှဉ်ပြိုင်ပွဲများ တောင်ငူမင်းဆက်နှင့် အယုဒ္ဓယခေတ်ကြား နိုင်ငံရေးနှင့်စစ်ရေး အားပြိုင်မှုကို အဓိကထားရိုက်ကူးထားကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွင် ခေတ်ပြိုင်ပညာရှင်များကြား ဆွေးနွေးစရာဖြစ်ခဲ့သည်။ အနုစိတ်တိကျ၍ ဖန်တီးထားရာ ထိုင်း၊ မြန်မာ သမိုင်းကြောင်းကို သမိုင်းရှုထောင့်မှမြင်တွေ့ကြရ၍ သမိုင်းလေ့လာသူများ စိတ်ဝင်စားမှုမြင့်မားခဲ့သည်။

အဓိကဇာတ်အိမ်တွင် နရဲစွမ်းမင်း(ခေါ်)မြနရာဇ်၏ ငယ်ဘဝနှင့်ကြီးပြင်းလာပုံကို နောက်ခံထားကာ ငယ်စဉ်ကာလ ဟံသာဝတီနေပြည်တော်သို့ ဓားစာခံအဖြစ် ခေါ်ဆောင်ရာမှ အယုဒ္ဓယလွတ်လပ်ရး ပြန်လည်ကြေညာနိုင်သည်အထိ အဆင့်ဆင့်ပြောင်းလဲလာသည့် နိုင်ငံရေးအခင်းအကျင်းကို အသေးစိတ်တင်ဆက်ပြသထားသည်။

တောင်ငူမင်းဆက်တို့၏ သြဇာလွှမ်းမိုးမှုကို ထင်ဟပ်စေသည့် စစ်စီးချင်းထိုးပွဲ သမိုင်းဝင်တိုက်ပွဲကြီးကို ခမ်းနားစွာပုံဖော်ထားကာ ခေါင်းဆောင်မှုသဘောတရားကို မြင်သာစေခဲ့သည့် သမိုင်းဆိုင်ရာနှင့် ရုပ်ရှင်အနုပညာပေါင်းစပ်ထားပြီး သရုပ်ဆောင်နိုင်းနဖတ်နှင့် ထရီဖရဖတ်တို့ အဓိကပါဝင်ထားသည်။

(SKY)



## နားကို လျှပ်စစ်ဖြင့် အာရုံခံနှိုးဆွပေးသည့် ကိရိယာငယ် သွေးတိုးရောဂါကို ကုသရန် နည်းလမ်းသစ်ဖြစ်လာနိုင်ခြေရှိ

ဆေးဝါးကုသမှု ခံယူနေသော်လည်း သွေးတိုးကျမသွားဘဲ ဆက်လက်မြင့်မားနေသူများအတွက် နားကို လျှပ်စစ်ဖြင့် အာရုံခံနှိုးဆွပေးသည့် သေးငယ်သောကိရိယာတစ်ခုက သွေးတိုးရောဂါကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းသစ်တစ်ခု ဖြစ်လာနိုင်ချေရှိနေသည်။

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တော်ရှိ ကွင်းမေရီတက္ကသိုလ်မှ သုတေသီများသည် ဆေးဝါးများ သောက်သုံးနေသော်လည်း သွေးတိုးကျမလာဘဲ ထိန်းမရဖြစ်နေသူများကို နားမှတစ်ဆင့် အာရုံကြောများကို နှိုးဆွပေးသည့်ကိရိယာဖြင့် မကြာသေးမီက စမ်းသပ်ခဲ့ကြသည်။

အမေရိကန်နှလုံးအသင်း၏ 'ဟိုင်ပါတန်းရှင်း' ဂျာနယ်တွင် ဖော်ပြခဲ့သော အဆိုပါ လက်တွေ့စမ်းသပ်မှုအရ အဆိုပါကုသမှုသည် ဘေးကင်းလုံခြုံမှုရှိပြီး အိမ်တွင် လက်တွေ့အသုံးပြုရန်ပါ အဆင်ပြေလွယ်ကူကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

(SCI)

## Akshay Kumar ၏ ကြီးမြတ်သည့်ကမ်းလှမ်းမှု



ဘောလိဝုဒ်ထိပ်တန်းအနုပညာရှင် အရှေးကူးမားသည် 'လူတစ်ဦးတန်ဖိုးကို ပြမှုသည့် အပြုအမူပေါ် မူတည်သည်' ဆိုသောစကားနှင့် သက်သေပြ၍ ကြီးမြတ်သည့်ကမ်းလှမ်းမှုပြုခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိုက်ကွင်းပေါ်က မမျှော်လင့်သော တွေ့ဆုံမှုဟု အမည်ပေးထားသော အဆိုပါ အပြုအမူတွင် အရှေးကူးမားက ရိုက်ကွင်းသို့ ဇိမ်ခံကားနှင့်လာပြီး သူ့ကားကို ဖုန်သုတ်ဆေးကြောပေးနေသောကလေးကို သတိထားမိခဲ့သည်။

အရှေးကူးမားက ကောင်လေးထံသွား၍ မိဘနှင့်ဘာကြောင့် လုပ်ကိုင်နေရကြောင်း မေးကာ စားသောက်ဆိုင်ခေါ်ကျွေးမွေးပြီး အနာဂတ်မှောင်မိုက်မနေစေရန် ပညာရေးကုန်ကျစရိတ်အားလုံး တစ်သက်တာ တာဝန်ယူရန် ဆုံးဖြတ်၍ ကြီးမြတ်သည့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

အောင်မြင်မှုဆိုသည်မှာ ကိုယ်မည်မျှ မြင့်မားသည့်နေရာရောက်နေသလဲဆိုသည်ထက် ကိုယ်က တခြားလူ ဘယ်နှစ်ယောက်ကို မြှင့်တင်ပေးနိုင်သလဲဆိုတာပေါ်မှာ ပို၍ အဓိပ္ပာယ်ရှိသည်ဟု အရှေးကူးမားက ပြသသွားသည်။

(SKY)

# ထရမ့်က ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးပွဲများ ပြုလုပ်



ဝါရှင်တန် အောက်တိုဘာ ၁၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကင်တပ်ကီပြည်နယ်၌ လူထုစုဝေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီ အနိုင်ရရှိပါက ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါ ပြည်နယ်ရှိ ဆေးဝါးထုတ်လုပ်ရေးစက်ရုံတစ်ခုတွင် ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

ထို့ပြင် အရွယ်ရောက်ပြီးသူ နိုင်ငံသားတစ်ဦးစီအား အမေရိကန်ဒေါ်လာ ၅၀၀၀ ပေးအပ်မည့် ၎င်း၏ "ထရမ့် အကျိုးအမြတ်ဝေစု" (Trump dividend) အစီအစဉ်ကိုလည်း ထပ်မံပြောကြားခဲ့သည်။

ကင်တပ်ကီပြည်နယ်သည် ပုံမှန်အားဖြင့် ရီပတ်ဘလစ်ကန်ပါတီအားကောင်းသည့် နယ်မြေတစ်ခုဖြစ်သည်။ သို့သော် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ကြိုးစားလုပ်ကိုင်စားသောက်နေသည့် မိသားစုများ အခက်အခဲကြုံတွေ့နေရချိန်တွင် ထရမ့်သည် မမှန်ကန်သော ကတိများပေးနေပြီး ဘဝအခြေအနေများ ယခင်ကထက် ပိုမိုကောင်းမွန်နေသည်ဟု ပြောဆိုနေကြောင်း ဒီမိုကရက်တစ်ပါတီဝင် ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒီဘီရှီးယားက ဝေဖန်ခဲ့သည်။

ထရမ့်သည် အိုဟိုင်းယိုးပြည်နယ်တွင်လည်း လူထုစုဝေးပွဲတစ်ရပ်သို့ တက်ရောက်ခဲ့သည်။ အဆိုပါပြည်နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ လူထုသဘောထားစစ်တမ်းများအရ ယှဉ်ပြိုင်မှုမှာ အကြိတ်အနယ်ရှိနေပြီး မည်သူအနိုင်ရမည်ကို ခန့်မှန်းရန် ခက်ခဲလျက်ရှိသည်။ ထရမ့်က အိုဟိုင်းယိုးပြည်နယ်တွင် ရေတပ်ရေငုပ်သင်္ဘော ပြုပြင်ရေးစက်ရုံတစ်ခု တည်ဆောက်ပေးမည်ဟု ကတိပြုခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန် နှစ်ပတ်ခန့်သာ လိုတော့ချိန်တွင် ထရမ့်သည် နိုင်ငံတစ်ဝန်း လှည့်လည်ကာ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၎င်း၏ လူထုထောက်ခံမှုနှုန်း နိမ့်ကျနေခြင်းကြောင့် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုများကို ပိုမိုအရှိန်မြှင့်တင်လာသည်ဟု ယူဆရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အင်္ဂါဂြိုဟ်၏ လများဆီသို့သွားမည့် သုတေသနခရီးစဉ် ဂျပန် အာကာသသိပ္ပံပညာရှင်များ ကြိုတင်ပြင်ဆင်လျက်ရှိ

**တိုကျို အောက်တိုဘာ ၁၈**

ဂျပန် အာကာသသိပ္ပံပညာရှင်များသည် နေအဖွဲ့အစည်းနှင့် ကမ္ဘာပေါ်ရှိ သက်ရှိများဖြစ်တည်လာပုံ အစပျိုးမှုကို ဖော်ထုတ်နိုင်ရန် ကူညီပေးနိုင်မည့် နမူနာပစ္စည်းများ စေလွှတ်ယူဆောင်နိုင်ရေးအတွက် အင်္ဂါဂြိုဟ်၏ လများဆီသို့ သွားရောက်မည့် သုတေသနခရီးစဉ်တစ်ခုအတွက် ကြိုတင်ပြင်ဆင်လျက်ရှိရာ ယင်းမှာ အင်္ဂါဂြိုဟ်ဒေသသို့ ပထမဆုံး အသွားအပြန် ခရီးစဉ်ဖြစ်လာစေရန် ရည်ရွယ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် ဥရောပ အာကာသအေဂျင်စီများအပြင် တက္ကသိုလ်အများအပြား၊ နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သည့် လူမဲ့အင်္ဂါဂြိုဟ်လများ လေ့လာရေး (အမ်အမ်အက်စ်) အာကာသယာဉ်သည် နောက်ဆုံးတွင် လူသားများ သွားရောက်လေ့လာ စူးစမ်းနိုင်ရေးအတွက်လည်း အခြေခံအုတ်မြစ်ချပေးနိုင်မည်ဖြစ်သည်။

အမ်အမ်အက်စ် အာကာသယာဉ်ကို သယ်ဆောင်ထားသည့် ထိပ်တန်း အိတ်ချ်သရီး ရောကတ်ကို တာနီဂါရှိမ အာကာသစခန်းမှ ယမန်နေ့ နံနက် ၄ နာရီ ၄၁ မိနစ်တွင် ပစ်လွှတ်ရန် စီစဉ်ထားကြောင်း ဂျပန် အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ (ဂျက်ဆာ)၏ ထုတ်ပြန်ချက်အရ သိရသည်။

Mon

၀-၀-၀-၀-၀








## မက္ကဆီကိုနိုင်ငံ၊ ဘာဟာကယ်လီဖိုးနီးယား ကမ်းလွန်တွင် လေယာဉ်ပျက်ပြီး ပျောက်ဆုံးနေသူ ၁၁ ဦးကို ဆက်လက်ရှာဖွေ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၈**

မက္ကဆီကိုနိုင်ငံ၊ ဘာဟာကယ်လီဖိုးနီးယား ကမ်းလွန်တွင် သောကြာနေ့က လေမှောက်မှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူ ၁၁ ဦးကို ဆက်လက်ရှာဖွေလျက်ရှိရာ လွတ်မြောက်လာသူ အများအပြားမှာ ငါးမန်းကိုက်ခံရသည်ဟု ယူဆရသည့် ဒဏ်ရာများဖြင့် ဆေးကုသမှု ခံယူနေရကြောင်း အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့ကို ကိုးကား၍ စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရရှိခဲ့သူ အများအပြားသည် ငါးမန်းကိုက်ခံရမှုကြောင့် ဖြစ်ပေါ်လာသည့် ပြင်းထန်သော ဒဏ်ရာများကို ခံစားနေရပြီး ကမ်းခြေစောင့်တပ်ဖွဲ့သည် ဆန်ဒီယေဂိုသို့ သွားရောက်စဉ်အတွင်း အသက်ကယ် ပထမ ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပေးခဲ့သည်ဟု စနေနေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

သောကြာနေ့က မက္ကဆီကိုနိုင်ငံသား ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ လှေပေါ်တွင် လူ ၂၇ ဦး ပါရှိကြောင်း လွတ်မြောက်လာသူများက တာဝန်ရှိသူများထံ ပြောကြားခဲ့ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

## အင်ဒိုနီးရှား တောမီးများမှ မီးခိုးမြူများ ပျောက်ကွယ်သွားစေရန် ဆူမတြားကျွန်းပေါ်သို့ ရေခဲခြောက် ၂ ဒသမ ၄ တန် ကြဲချ

**ဂျကာတာ အောက်တိုဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် တောမီးနှင့် မြေပြင်မီးလောင်မှုများမှ ထွက်ပေါ်လာသည့် ထူထပ်သော မီးခိုးမြူများကို ပျောက်ကွယ်သွားစေရန်အတွက် ဆူမတြားကျွန်း၊ ဆူမတြားတောင်ပိုင်းပြည်နယ်ပေါ်သို့ ရေခဲခြောက် ၂ ဒသမ ၄ တန် ဖြန့်ကြဲချခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသား သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ (ဘီအင်န်ပီဘီ) ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဗဟိုဌာန၏ ယာယီဌာနမှူး ဘာတွန်ပန်ဂျိုင်တန်က အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်နေ့အထိ နှစ်ရက်ကြာ ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ထူထပ်သော မီးခိုးမြူများကြောင့် လေကြောင်းလိုင်းများ အနှောင့်အယှက်ဖြစ်ခဲ့သည့် ပလမ်ဘန်းမြို့ရှိ ဆူလ်တန်မာမွတ်ဘာဒါရွတ်ဒင်(၂) အပြည်ပြည်ဆိုင်ရာ လေဆိပ်ပတ်ဝန်းကျင်ဒေသ၌ အဓိကထား၍ ဦးစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အဆိုပါ လုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်အတွင်း လေဆိပ်၌ မြင်ကွင်းကင်းရှင်းမှုမှာ မီတာ ၁၀၀၀ မှ မီတာ ၃၀၀၀ အထိ ပိုမိုကောင်းမွန်လာခဲ့ကြောင်း သိရသည်။

Mon



## နှစ် ၁၀၀ ခန့်က ခိုးယူခံခဲ့ရသော ပန်းရောင်စိန်ပွင့်ကို ပြင်သစ်နိုင်ငံတွင် ပြသရန် စီစဉ်လျက်ရှိသည်ဟု ဆို

**ပဲရစ် အောက်တိုဘာ ၁၈**

ရှားပါးပန်းရောင်စိန်တစ်လုံးသည် လွန်ခဲ့သောနှစ် ၁၀၀ ခန့်က ခိုးယူခံခဲ့ရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်နိုင်ငံတွင်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂရန်းကွန်ဒဲဟု လူသိများသော ကိုးကာရက်အလေးချိန်ရှိသည့် သစ်တော်သီးပုံစံ ထိုကျောက်မျက်ရတနာကို ၁၉၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ချန်တီလီ ရဲတိုက်ထဲသို့ ညအချိန် ဝင်ရောက်စီးနင်းကာ ခိုးယူခဲ့ခြင်းဖြစ်ပြီး ပေါင်းချောင်ဖောက်ထားသော ပန်းသီးတစ်လုံးအတွင်း၌ ဝှက်ထားခဲ့သည်။

နန်းတွင်းရတနာအနည်းငယ်ထဲမှ တစ်ခုဖြစ်သော အဆိုပါစိန်ကို ခိုးဆိုးသူများတည်းခိုနေသည့် ဟိုတယ်မှ ဗိုက်ဆာနေသော အိမ်ဖော်တစ်ဦးက ထိုပန်းသီးကို ကိုက်စားလိုက်သည့်အခါ ရက်သတ္တပတ်အနည်းငယ်အကြာတွင် ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## အမေဇုန်နှင့် ဆာဟားနား မြက်ခင်းပြင်ဒေသများ၌ သစ်တောပြုန်းတီးမှုနှုန်း စံချိန်တင် ကျဆင်းသွားခဲ့

**ဘရာဇီးလီးယား အောက်တိုဘာ ၁၈**

ဘရာဇီးနိုင်ငံ၏ အမေဇုန်မိုးသစ်တော အနာဂတ်အရေးသည် အဓိကကျသည့် သမ္မတရွေးကောက်ပွဲ ဒုတိယအဆင့် မဲခွဲပွဲမတိုင်မီ နိုင်ငံအတွင်းရှိ အမေဇုန်နှင့် ဆာဗားနား မြက်ခင်းပြင်ဒေသများ၌ သစ်တောပြုန်းတီးမှုနှုန်းသည် စံချိန်တင် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့သည်ဟု ဘရာဇီးအစိုးရက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

လက်ဝဲယိမ်း သမ္မတ လူဝစ်အင်နာစီယိုလူလာဒါဆီးလ်ဗား သည် လွန်ခဲ့သည့် သုံးနှစ်က သမ္မတရာထူးကို စတင်တာဝန်ယူစဉ်က အမေဇုန်ဒေသအတွင်း သစ်တောပြုန်းတီးမှုကို ၂၀၃၀ ပြည့်နှစ်တွင် အပြီးတိုင် တားဆီးရန် ကတိပြုခဲ့သည်။ အဆိုပါ သစ်တောပြုန်းတီးမှုသည် ၎င်း၏ အထက် လက်ယာယိမ်း သမ္မတဟောင်း ဂျဲယားဘိုလ်ဆိုနာရို၏ လက်ထက်တွင် သိသိသာသာ မြင့်တက်ခဲ့သည်။

ဖလာဗီယိုအနေဖြင့် ၎င်းအနိုင်ရရှိပါက ဖခင်ဖြစ်သူ ကိုင်စွဲခဲ့သည့် မူဝါဒများကို ဆက်လက်ကျင့်သုံးမည်ဟု မျှော်လင့်ရသော်လည်း အမေဇုန်ဒေသအတွင်း စနစ်တကျ ကျူးလွန်သည့် ရာဇဝတ်မှုများကို နှိမ်နင်းရန် ကတိပြုထားကြောင်း သိရသည်။

Mon



## မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကာလ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မကွေး အောက်တိုဘာ ၁၈**

အယ်လ်နီညို ရာသီဥတု ဖြစ်စဉ် ကာလနှင့် မြသလွန် ဘုရားပွဲတော်ကာလတို့တွင် မီးလန့်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြသလွန် ဘုရားဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများ၊ ဘုန်းကြီး ကျောင်းများ၊ သီလရှင်ကျောင်း များနှင့် ဘုရားပွဲဈေးဆိုင်ခန်း များတွင် မီးဘေးလုံခြုံရေး စစ်ဆေး ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ လျှပ်စစ်ဦးစီးဌာနတာဝန်ရှိသူများ နှင့် ဂေါပကအဖွဲ့ဝင်များ ပူး ပေါင်း၍ မြသလွန်ဘုရားဝင်း အတွင်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြ သည်။

ကွင်းဆင်းစစ်ဆေးဆောင် ရွက်ရာတွင် ဘုရားဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ၊ ကျောင်းတိုက်များနှင့် ဈေးဆိုင် များတွင် တပ်ဆင်ထားသော မီး သတ်ဆေးဘူးများနှင့် မီးသတ် စက်များ အဆင်သင့်ဖြစ်စေရေး၊ လျှပ်စစ်ဝါယာကြိုးများ၊ ဘရိတ် ကာများနှင့် မီးပလပ်ခေါင်းများ ကို အသစ်လဲလှယ်ခြင်းနှင့် ပုံမှန် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ ရေကန်များတွင် ရေအမြဲဖြည့်တင်း ထားရှိရန် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(မြန်ဆက်)**

## မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် အောက်တိုဘာ ၁၈**

အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံ တွေ့ရမည့် ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ပြင်ဦးလွင် ခရိုင် မီးသတ်ဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူး ဦးကျော် ဆန်း ဦးဆောင်မှုဖြင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင်များဖြစ်သည့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ ခရိုင်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင် ပြန်/ဆက်၊ စည်ပင်သာယာရေး အဖွဲ့နှင့် ဈေးအကျိုးတော်ဆောင် များ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက အဆိုပါခြောက်ထပ်ဈေး ကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေး ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြ သည်။



အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ၂၀၂၆ ခုနှစ်၊ နှစ်ကုန်ပိုင်းမှ ၂၀၂၇ ခုနှစ်၊ နှစ်ဆန်းပိုင်းအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူ ဒဏ်လွန်ကဲခြင်း၊ မိုးကြီး၊ ရေကြီး ခြင်းနှင့် လေပြင်းမုန်တိုင်း တိုက် ခတ်ခြင်း စသည့် မူမမှန်သော အစွန်းရောက် မိုးလေဝသဖြစ်စဉ် များ ဖြစ်ပေါ်လာနိုင်ခြင်း၊ နွေအပူ ချိန် မြင့်မားခြင်း၊ မိုးခေါင်ရေရှား ခြင်းနှင့် အပူဒဏ်အန္တရာယ်ခံစား ရခြင်းတို့ကို ကြုံတွေ့ရနိုင်ပါသဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာ ကွယ်ရေးအတွက် သုမင်္ဂလာခြောက် ထပ်ဈေးကြီး၌ မီးလောင်မှု၊ မီး လန့်မှုများ မဖြစ်ပွားစေရန် မီးဘေး လုံခြုံရေးစစ်ဆေးခြင်းများ၊ မြေ ပေါ်၊ မြေအောက် မီးသတ်ရေကန် နှင့် ရေငုတ်များကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ဈေးကြီးအတွင်း၊ အပြင်ရှိ မီးသတ်ပိုက်များ ကောင်း မွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီး သတ်ကားများ ဝင်၊ထွက်သွားလာ နိုင်ရေး စသည့် မီးဘေးကြိုတင် ကာကွယ်ရေးစစ်ဆေးခြင်းလုပ်ငန်း များ ဆောင်ရွက်ခဲ့ပြီး အသိပညာ ပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ခရိုင်(ပြန်/ဆက်)**



### မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)တွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း( ၂/၂၀၂၆ )ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင် ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီး သူများ ပြန်လည်ထူထောင်ရေး စခန်း(မန္တလေး)တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၆) ဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေ သာစံမြို့နယ်၊ ၇၃လမ်းနှင့် ၁၀ လမ်းရှိ မူးယစ်ဆေးဖြတ်ပြီးသူ များ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) အစည်းအဝေးခန်းမ ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်းခိုင်က အဖွင့်အမှာ စကားပြောကြားပြီး မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင် ရေးစခန်း(မန္တလေး)မှ ဦးစီးအရာရှိ ဦးအောင်ကိုကိုမြင့်က သင်တန်းဖွင့် လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မူးယစ် ဆေးဝါး တားဆီးကာကွယ်ရေး အဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသားများ တက်ရောက် ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)



### စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**ရှာင် အောက်တိုဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သည် သက်သေများနှင့်အတူ အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က ရှာင်မြို့ နယ်၊ မြို့ကြီးကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေး ရှာဖွေစဉ် ပင်းတယမြို့မှ မန္တလေး မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ် ပေါ်တွင် လိုက်ပါလာသော ခရီး သည် မဖြူသွယ်ဝင်းဆိုသူ သယ် ဆောင်လာသော စက္ကူဂျပ်ဖာ အတွင်းမှ စိတ်ကြွဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ် လုံးတို့ကို တွေ့ရှိသိမ်းဆည်း ရမိခဲ့သဖြင့် မဖြူသွယ်ဝင်း (၂၈) နှစ်ဆိုသူအား ရှာင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထား ရှိပြီး ကွင်းဆက်များ ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရ သည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အမျိုးသားတစ်ဦး လမ်းဖြတ်ကူးစဉ် ရထားတိုက်ခံရပြီး သေဆုံးမှုဖြစ်ပွား

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပြည်လုံး နိုင်ရပ်ကွက်၊ မိုင်တိုင်အမှတ် (၃၅၉/၅)ဖာလုံနှင့် (၃၅၉/၆) ဖာလုံကြားတွင် အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက အမျိုးသားတစ်ဦး မီးရထားဖြင့် တိုက်ခံရပြီး သေဆုံးမှုဖြစ်ပွား ခဲ့သည်။

ဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦး××× မောင်းနှင်လာသော စက်ခေါင်းအမှတ် DF/××××× အစုန်ရထားသည် မန္တလေး ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင် လာစဉ် မိုင်တိုင်အမှတ်(၃၅၉/ ၅)ဖာလုံနှင့် (၃၅၉/၆)ဖာလုံကြား တွင် အမည်မသိ အမျိုးသား တစ်ဦးမှ ရထားသံလမ်းအား လမ်း ဖြတ်ကူးရာမှ တိုက်မိခဲ့ပြီး ခြေ ထောက်နှစ်ဖက်ခြေသလုံးပြတ်၊ ဦးခေါင်းပွင့်ထွက်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ ကျောက်ဆည်မြို့နယ် မီးသတ် စခန်းမှ မီးသတ်ဦးစီးမှူးဦးသန့်ဇင် ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများသည် သွား ရောက်စစ်ဆေးခဲ့ကြပြီး သေဆုံး သူ အမျိုးသားအား Myanmar Rescueမှ လူနာတင်ယာဉ်ဖြင့် ကျောက်ဆည်မြို့နယ် ပြည်သူ့ ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။ **မိုးသီး**



## တောင်ကြီးမြို့တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ အောက်တို ဘာ ၁၄ ရက် ညနေ ၇ နာရီ မိနစ် ၄၀ က တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ခွန်ကျော် ထက်(ခ)လဘုန်းဆိုသူ၏ နေအိမ် အား ဝင်ရောက်ရှာဖွေရာ နေအိမ် အတွင်းမှ စိတ်ကြွဆေးပြား ၁၀၀၀၀ အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သဖြင့် ခွန်ကျော်ထက်(ခ) လဘုန်း(၂၄)နှစ်ဆိုသူအား တောင်ကြီးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေး ယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိ ကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက် ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၁ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု





နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

# အယ်လ်နီညိုနှင့်အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၈)ရဲစခန်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အယ်လ်နီညိုနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာချမ်းစိမ့်စိမ့်ချမ်းက အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အယ်လ်နီညိုနှင့်အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ချမ်းအေးသာစံမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်၊ ခေတ္တအမှတ်(၈)ရဲစခန်းမှူး ဒုရဲမှူးကျော်နိုင်စိုး၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝ၅ဝ)

ဝ-ဝ-ဝ-ဝ-ဝ



# Myanmar Fight (36) မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကာ 2026 – Myanmar Fight(36) မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် အောင်သူရနိုင် (Unity Seven)နှင့် ဟန်ထက်စိုး (Smart Fight)တို့ ပြိုင်ပွဲတွင် ဟန်ထက်စိုး လက်သီးထိုးချက်ကြောင့် အောင်သူရနိုင် အမှတ်စဉ်ရေတွက် ခံရပြီး တတိယအချီအထိ သူတင်ကိုယ်တင်ထိုးကာ ပူးတွဲသရေကျခဲ့သည်။

ထက်လင်း(Top One)နှင့် ဖွဲ့ဘိုဘိုအောင် (Nine)တို့ ပြိုင်ပွဲတွင် တစ်ဦးနှင့် တစ်ဦး အမှားမခံဘဲ သရေကျခဲ့သည်။

လားလဲဘွဲ့(ရိုးရာကျား) ပတ်တံတောင်ကြောင့် ဒုတိယအချီ ထွန်းတောက်(Strong Wrestler) အနားတောင်းခဲ့ရပြီး တတိယအချီအထိ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကျကာ သရေကျခဲ့သည်။

မာနော်(MK-1) လက်သီးထိုးချက်ကြောင့် စိုင်းဝေလု(Phoenix Karate) ဒုတိယအချီ၌ အမှတ်စဉ်ရေတွက်ခံရပြီး တတိယအချီအထိ ယှဉ်ပြိုင်ကာ ပူးတွဲသရေကျခဲ့သည်။ မိုးမင်းထက်(MK-1)နှင့် ဇေ(Strong Wrestler)တို့ ပြိုင်ပွဲတွင် ပွဲကောင်းဖြစ်ခဲ့၍ သရေကျခဲ့သည်။

တမာထူး(ရိုးရာကျား)လက်သီးတွဲလုံးများကြောင့် ဒုတိယအချီတွင် ဆလိုင်းကျော်ထင်(Dojo-9)ကို အနိုင်ရရှိခဲ့သည်။

ထက်ကြီး(YMA)နှင့် အောင်လေး(YFC)တို့ပြိုင်ပွဲတွင် အချီပြည့်ထိုးကြသော်လည်း သရေကျခဲ့သည်။ အောင်မာ(RAY)နှင့် ကျော်မင်းလွင်(Unity Seven)တို့ ပြိုင်ပွဲတွင် ပွဲကောင်းဖြစ်ပြီး သရေကျခဲ့သည်။ စောထက်ပိုင် (MBC)နှင့် ပြည့်စုံအောင်(Strong Wrestler)တို့ ပြိုင်ပွဲတွင် ပြည့်စုံအောင် လက်သီးတစ်ရစပ်ထိုးချက်ကြောင့် ပထမအချီ၌ စောထက်ပိုင်ကို အလဲထိုးနိုင်ခဲ့သည်။

စူပါထူး(ကျားမနိုင်)နှင့် သန်းဇော်ဦး(Top One)တို့ ပြိုင်ပွဲတွင် အလူးအလဲဖြင့် ပူးတွဲ သရေကျခဲ့သည်။

ရဲနိုင်ထွန်း(YMA) လက်သီးထိုးချက်ကြောင့် ပထမအချီတွင် နိုင်သက်ထူးစံ(Phoenix Karate) အနားတောင်းခဲ့ကာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ အရှုံးပေးခဲ့ရသည်။ ယင်းပြိုင်ပွဲများသည် ၃ မိနစ်ထိုး ၂ မိနစ်နား သုံးချီစိန်ခေါ်ပွဲ ၁၁ ပွဲ ကျင်းပခဲ့ရာ အလဲထိုးသုံးပွဲ၊ ပူးတွဲသရေပွဲ ရှစ်ပွဲဖြစ်ခဲ့ကြောင်း သိရသည်။

ဗလ



# ချောက်မြို့နယ်၌ အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ချောက် အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ ပါဝင်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် အယ်လ်နီညိုကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၁၁ နာရီက မြို့နယ်လူစည်ကားရာလမ်းဆုံတွင် ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက်အယ်လ်နီညို ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ အပူဒဏ်မှ ကာကွယ်နိုင်ရန်အတွက် လိုက်နာရန်အချက်များ၊ အထူးသတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ ရှောင်ကြဉ်ရမည့်အချက်များပါ အသိပညာပေးလက်ကမ်းစာစောင်များအား လမ်းသွားလမ်းလာ ပြည်သူများသိရှိလိုက်နာဆောင်ရွက်စေရန် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



## ပန်းချီဆရာ အေးစိုး၏ "STRUGGLERS" တစ်ကိုယ်တော်ပြပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

ပန်းချီဆရာ အေးစိုး (Artist Aye Soe) ၏ "STRUGGLERS"အမည်ရှိ တစ်ကိုယ်တော်ပန်းချီပြပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ရက်အထိ မန္တလေး ၇၄လမ်း၊ တံခွန်တိုင်အဝိုင်းအနီး Garden City Apartment Complex Tower 12၊ အမှတ် ၆၈-၆၉ ရှိ Siripaccaya Art Gallery တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသခဲ့သည်။

ပြပွဲတွင် ပန်းချီဆရာအေးစိုး၏ ပြောင်းလဲတိုးတက်လာသည့် အနုပညာဖန်တီးမှုများနှင့် ခံစားမှုရသကို အခြေခံထားသည့် ပန်းချီလက်ရာများကို တွေ့ရှိရသည်။

ပန်းချီဆရာ အေးစိုးသည် ယခင်က "Melancholy" အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲကိုလည်း Siripaccaya Art Gallery တွင် ပြသခဲ့ဖူးသူဖြစ်သည်။

"STRUGGLERS" တစ်ကိုယ်တော်ပန်းချီပြပွဲကို အနုပညာဝါသနာရှင်များ အပါအဝင် စိတ်ပါဝင်စားသူများ၊ ပန်းချီစုဆောင်းသူများ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ရွှေမန်း**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ

**ပျော်ဘွယ် အောက်တိုဘာ ၁၈**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ခင်ကြီးယကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းထွန်းက ကလေးအလုပ်သမားပပျောက်ရေးသည် သက်ဆိုင်ရာဌာနများသာမက မိဘ၊ ဆရာ၊ ဆရာမများနှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကလေးအလုပ်သမားဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် မိဘ၊ ဆရာ၊ ဆရာမများနှင့် လူမှုအသိုက်အဝန်းက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်၊ စာစောင်များကို တက်ရောက်လာသော ကျေးရွာပြည်သူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်စွာထက်(ပျော်ဘွယ်)**

၀-၀-၀-၀-၀-၀-၀

## (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘောလုံးပြိုင်ပွဲကျင်းပ



**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အားကစားကွင်း၌ အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီက (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပခဲ့ရာ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဟိန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ (ဝဲပုံ)

ထို့နောက် ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ ဘောလုံးပြိုင်ပွဲဝင် အားကစားသမားများမှ ကွင်းအတွင်းနေရာယူပြီး အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အားကစားသမားများအား တစ်ဦးချင်း အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘောလုံးအသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အခမ်းအနားသို့ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဟိန်းအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟော၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်ဘောလုံး အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၄၈၅)**

## ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်တွင်းကြီး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၌ မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ယမန်နေ့ နံနက် ၇ နာရီက ရတနာပွင့်လှကန်တော်ကြီးကန်ဘောင်တစ်လျှောက်၊ ဘေးဝဲ၊ ယာတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စုစုပေါင်း အင်အား ၂၁၀ဦးဖြင့် ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနုတ်ခြင်း၊ ရေနုတ်များ ဖော်ထုတ်ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များကောက်ယူခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။ **နောင်နောင်(မိဿနိုးမြေ)**

## ချက်ကြမယ်၊ စားကြမယ်



### ကြက်ကုန်းဘောင်ကြော်

ကြက်ကုန်းဘောင်ချက်မယ်ဆိုရင် ကြက်သား၊ ငရုတ်ပွ၊ ပန်းမုန်လာပွင့်၊ ဘိုစားပဲသီး၊ မုန်လာဥနီ၊ ကြက်သွန်ဖြူ၊ ချင်း၊ ကြက်သွန်မြိတ်၊ ခရမ်းချဉ်သီးနဲ့ ငရုတ်သီးအတောင့်ကြော်တို့ လိုအပ်ပါတယ်။

ပထမဆုံး ကြက်သားကို အတုံးလေးတွေ တုံးပေးရပါမယ်။ ပန်းမုန်လာပွင့်၊ ဘိုစားပဲသီး၊ မုန်လာဥနီ၊ ကြက်သွန်မြိတ်တို့ကို အလောတော် လှီးထားပါ။ ခရမ်းချဉ်သီးကို လေးစိပ်စိတ်ပါ။ ချင်းကို အမျှင်လေးတွေဖြစ်အောင် လှီးပါ။ ကြက်သွန်ဖြူကို ဓားပြားရိုက်ပြီး နုပ်နုပ်စဉ်းပါ။ ကြက်သွန်မြိတ်ကို လက်နှစ်ဆစ်ခန့် လှီးထားပါ။

ကြက်သား ၁၅ ကျပ်သားထဲကို ကြက်သားမှုန့်၊ ငရုတ်ကောင်းမှုန့်၊ နှမ်းဆီ၊ ခရုဆီ၊ ပဲငံပြာရည်အကျဲနှင့် ဂျုံမှုန့်အနည်းငယ်ထည့်ပြီး သမအောင်မွှေပေးပါ။ ပြီးရင် ဒယ်အိုးထဲ ဆီထည့်ပြီး ဆီပူလာရင် အရသာနှပ်ထားတဲ့ ကြက်သားတွေကို ကြော်ပါ။ အသားကြက်သွားရင် ဆယ်ပြီး ပန်းကန်ထဲထည့်ထားပါ။ ပြီးရင် ခရမ်းချဉ်သီး၊ ငရုတ်သီးအတောင့်ကြော်တွေကို ထည့်လိုက်ပါ။ ထို့နောက် ကြက်သားမှုန့်၊ အချိုမှုန့်၊ ဆား၊ သကြား၊ ပဲငံပြာရည်၊ ခရုဆီ၊ ပဲငံပြာရည်အနောက်တို့ကို ထည့်ပါ။ အရသာတွေထည့်ပြီးရင် ဒယ်အိုးကို မီးဖိုပေါ်တင်ပြီး ဆီအနည်းငယ်ထည့်ပါ။ ဆီကြက်ရင် ချင်းနဲ့ ကြက်သွန်ဖြူကိုထည့်ပြီး ဆီသတ်ပါ။ ထို့နောက် ကြက်သားနဲ့ အသီးအရွက်တွေကို ထည့်ပြီးကြော်ပါ။ ပြီးရင် ငရုတ်ကောင်းမှုန့်အနည်းငယ်ဖြူးပြီး ကြက်သွန်မြိတ်တွေကို အပေါ်မှ တင်ပေးလိုက်ပါ။ ဒါဆိုရင်တော့ ကြက်ကုန်းဘောင်ကြော် တစ်ခွက်ရပါပြီ။

**AMM**



### ကြက်ချိုချဉ်ကြော်

ကြက်သား ၁၀ ကျပ်သားကို အပြားလေးတွေ လှီးပြီး ရေဆေးပါ။ ပြီးရင် ပန်းကန်ထဲထည့်ပြီး ကြက်သားမှုန့် လက်ဖက်စားဇွန်းတစ်ဇွန်း၊ ငရုတ်ကောင်းမှုန့် အနည်းငယ်၊ နှမ်းဆီမွှေး၊ ကြက်ဥတစ်လုံးဖောက်ထည့်ပြီး သမအောင်မွှေပေးပါ။ ပြီးရင် ဂျုံမှုန့်နဲ့ ကော်မှုန့်ကိုထည့်ပြီး နယ်ပါ။

ပြီးရင် နာနတ်သီး၊ သခွားသီးနဲ့ ခရမ်းချဉ်သီးတွေကို လှီးပြီး ပန်းကန်တစ်ခုထဲထည့်ပါ။ မုန်လာဥနီ၊ ရွှေပဲသီး၊ ငရုတ်ပွတို့ကို နောက်ထပ်ပန်းကန်တစ်ခုထဲ သပ်သပ်ထည့်ထားပါ။ ချင်းကို အမျှင်လေးတွေလှီးပြီး ကြက်သွန်ဖြူကို ဓားပြားရိုက်ပြီး နုပ်နုပ်စဉ်းကာ ကြက်သွန်မြိတ်ကို လက်နှစ်ဆစ်ခန့် ဖြတ်ပါ။ ပြီးရင် ဆီအိုးတည်ပြီး အရသာတွေနှပ်ထားတဲ့ ကြက်သားတွေကို ထည့်ပြီးကြော်ပါ။ ကြက်သွားရင် ဆယ်ပြီး ပန်းကန်ထဲထည့်ထားပါ။

ထို့နောက် မုန်လာဥနီ၊ ရွှေပဲသီးနဲ့ ငရုတ်ပွတို့ကို ကြော်ပါ။ အကြာကြီးကြော်ရန်မလိုပါ။ ပြီးရင် ဆယ်ယူ၍ ပန်းကန်ထဲထည့်ပြီး နာနတ်သီး၊ သခွားသီးနဲ့ ခရမ်းချဉ်သီးတွေကို ရောထည့်ပါ။

ချိုချဉ်ဆော့လုပ်ဖို့ ဒယ်အိုးထဲကို ဆီအနည်းငယ်ထည့်ပါ။ ဆီပူလာရင် ချင်းနဲ့ကြက်သွန်ဖြူကို ထည့်ပြီး ဆီသတ်ပါ။ ပြီးရင် ရေကို ပန်းကန်လုံးတစ်လုံးထဲထည့်ပြီး သကြားလက်ဖက်စားဇွန်းတစ်ဇွန်း၊ ကြက်သားမှုန့်ကို လက်ဖက်စားဇွန်း တစ်ဝက်စီထည့်ပါ။ ဆားလက်ဖက်စား ဇွန်းတစ်ဇွန်း၊ သံပရာသီးတစ်စိတ်တို့ကို ညှစ်ထည့်ပြီး ခရမ်းချဉ်ဆော့ကို ထမင်းစားဇွန်းသုံးဇွန်း ထည့်ပါ။ ငရုတ်ဆော့ကို ထမင်းစားဇွန်းတစ်ဇွန်း ခွဲထည့်ကာ လိမော်ဂျူစီကို ထမင်းစားဇွန်းတစ် ဇွန်းထည့်ပြီး မွှေပေးပါ။ ပြီးရင် ကော်မှုန့်အနည်းငယ်ကို ရေနဲ့ဖျော်ပြီး ထည့်ပါ။ အားလုံးပြီးသွားရင် ကြော်ထားတဲ့ ကြက်သားနဲ့ အသီးအနှံတွေကို အဲ့ဒီဆော့ရည်ဖျော်ထားတဲ့ထဲကို ထည့်ပြီး သမအောင်မွှေပါ။ ထို့နောက် ကြက်သွန်မြိတ်ကို အပေါ်မှ ဖြူးပေးလိုက်ပါ။ ဒါဆိုရင်တော့ အရသာရှိပြီး စားလို့ကောင်းတဲ့ ကြက်ချိုချဉ်ကြော်ကို စားသုံးလို့ရပါပြီ။

**AMM**

## ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံသက် (၁၄၈) နှစ်မြောက် မတကဘာတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၈**

ရတနာပုံ မန္တလေး မြို့တည်နန်းတည် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံသက် (၁၄၈)နှစ်မြောက် မတကဘာတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်တွင် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီးတို့၌ အောင်မြင်စွာ ကျင်းပခဲ့သည်။

အခမ်းအနား ပထမပိုင်းကို နံနက်ပိုင်းတွင် မြနန်းစံကျော် ရွှေနန်းတော် မြေနန်းပြာသာဒ်ဆောင်၌ ကျင်းပခဲ့ရာ ကုန်းဘောင်မင်းဆက် (၁၁)ဆက်အား ရည်မှန်း၍ ပင့်သံဃာတော် ၁၁ ပါးအား မတကဘာတ် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရထံမှ ဥပုသ်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီးနောက် ကုန်းဘောင်မင်းဆက် မောင်နှမများကိုယ်စား ထိပ်တင်အောင်က လှူဒါန်းရခြင်းအကြောင်းအရင်းများကို ရှင်းလင်းလျှောက်ထားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ပျဉ်းမနားမင်းသားကြီးနှင့် ထရံကာထိပ်ခေါင်တင်တို့၏ မြစ်များဖြစ်ကြသော ထိပ်တင်နှင်း၊ ထိပ်တင်ငြိမ်းငြိမ်း၊ ထိပ်တင်အောင်နှင့် ကန္နီမင်းသမီး၏ တွတ်မြတ်နုသွေး စသည့် ဆွေတော်မျိုးတော်များအား မိတ်ဆက်ပေးခဲ့သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ပွား ချီးမြှင့်ပြီးနောက် ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာနှင့် ရေစက်ချအနုမောဒနာတရားဟောကြားကာ မင်းတုန်းမင်းတြားကြီးကို အကြောင်းပြု၍ ကုန်းဘောင်မင်းဆက် (၁၁)ဆက်၊ တိုင်းသူပြည်သားများနှင့် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ကွယ်လွန်ခဲ့ကြသူများအတွက် ကုသိုလ်အမျှပေးဝေခဲ့ကြသည်။

အခမ်းအနား ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် မင်းတုန်းမင်းတြားကြီး၏ ကုသိုလ်ဖြစ်သော မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီး၌ ဆက်လက်ကျင်းပခဲ့သည်။ ကျောင်းရှိ သံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဇယမေဒနီ ဝါဆိုဆရာတော်ဘုရားကြီး ဦးဆောင်ကာ ရေစက်ချအခမ်းအနားကို ပြုလုပ်ခဲ့သည်။ ကုန်းဘောင်မင်းဆက်မောင်နှမအရင်းများက လှူဒါန်းရခြင်းအကြောင်းကို လျှောက်ထားပြီးနောက် ဇယမေဒနီ ဝါဆိုဆရာတော်ဘုရားကြီးက ရွှေကျောင်သာသနာတော်နှင့် မင်းတုန်းမင်းတြားကြီးအကြောင်းကို အသေးစိတ်ဟောကြားချီးမြှင့်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ထို့နောက် ဆွေတော်မျိုးတော်များနှင့် မိတ်သင်္ဂဟများ စုပေါင်း၍ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။

ယခုနှစ်တွင် ဖြစ်ပေါ်နေသော အခြေအနေများအရ သက်တော်၊ ဝါတော်ကြီးသော ဆွေတော်မျိုးတော်များအား ပူဇော်ကန်တော့သည့် အစီအစဉ်ကိုမူ ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ကုန်းဘောင်မင်းဆက်မောင်နှမများနှင့် မိတ်သင်္ဂဟများအနေဖြင့် ယခုကဲ့သို့ မင်းတုန်းမင်းတြားကြီးအတွက် မတကဘာတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ၂၀၁၅ ခုနှစ်မှစတင်၍ ပြန်လည်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ၁၂ နှစ်တိုင်တိုင် မပျက်မကွက် ဆက်လက်ထိန်းသိမ်းကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၈ ခုနှစ်တွင် ကျရောက်မည့် မင်းတုန်းမင်းတြားကြီး နတ်ပြည်စံသက် နှစ်(၁၅၀)ပြည့် အခမ်းအနားကိုလည်း မြနန်းစံကျော်ရွှေနန်းတော်ကြီး၌ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ရွှေမန်း**



## ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးတတ်စေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း(Public Talk)ကို မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးဓမ္မာရုံ၌ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပသည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းသိန်း၊ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကိုတို့က ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ ထို့နောက် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

o-o-o-o-o-o-o

## မိုးကြက်သွန်အသစ်များ စတင်ဝင်ရောက်လာသော်လည်း ကြက်သွန်နီဈေး ဆက်လက်မြင့်တက်နေ

**မန္တလေး အောက်တိုဘာ ၁၈**

မိုးကြက်သွန်နီအသစ်များ မန္တလေးဈေးကွက်အတွင်း စတင်ဝင်ရောက်လာသော်လည်း ကြက်သွန်နီဈေးနှုန်းများ ဆက်လက်မြင့်တက်နေကြောင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိတွင် မြင်းခြံဒေသထွက် မိုးကြက်သွန်နီအသစ်များ အနည်းငယ်စတင်ဝင်ရောက်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၇၅၀၀ အထိ ဈေးရရှိကာ နွေကြက်သွန်အဟောင်းမှာ တစ်ပိဿာလျှင်ငွေကျပ် ၈၅၀၀ မှ ၉၈၀၀ အထိ ရှိနေသည်။

အောက်တိုဘာ ၁၅ ရက်က မြင်းခြံကုန်စည်ဒိုင်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ မှ ၁၀၀၀၀ အထိ ရှိခဲ့ပြီး အလုံးကြီးနှင့် အရည်အသွေးကောင်းသည့် ကြက်သွန်နီများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ အထိ ရရှိခဲ့သည်။

တစ်ဖက်တွင်လည်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၌ ဆိပ်ဖြူကြက်သွန်နီ၊ မုံရွာ ကြက်သွန်နီနှင့် မျိုးမှားကြက်သွန်နီများ၏ ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀ မှ ၁၀၂၀၀ အထိ ဈေးဆက်လက်မြင့်တက်နေသည်။

မိုးကြက်သွန်နီအသစ်များ အများအပြား ထွက်ရှိလာမည့် နိုဝင်ဘာလ ဝန်းကျင်တွင် ဈေးကွက်အတွင်း ရောင်းလိုအား တိုးလာနိုင်သဖြင့် ဈေးနှုန်း အပြောင်းအလဲ ဖြစ်ပေါ်နိုင်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်ထားသည်။

စားသုံးသူရေးရာဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် မြင်းခြံခရိုင်၌ မိုးကြက်သွန် စိုက်ဧက ၂,၆၁၆ ဧကရှိပြီး ယခင်နှစ်က ၁,၅၉၂ ဧကထက် ၁၀၂၄ ဧကပိုမိုစိုက်ပျိုးထားကြောင်း သိရသည်။



**(ယာပုံ)**

**ရွှေမန်း**

o-o-o-o-o-o

## ချမ်းမြသာစည်မြို့နယ်အတွင်း အိမ်ခြံမြေအငှားဈေးကွက် သိသိသာသာကောင်းမွန်နေ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်အတွင်း အိမ်ခြံမြေအရောင်းအဝယ်အငှားဈေးကွက်တွင် အငှားဈေးကွက်မှာ သိသိသာသာကောင်းမွန်လျက်ရှိကြောင်း ရန်အောင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ တည်ထောင်သူ ဦးရန်အောင်ထံမှ သိရသည်။



လက်ရှိအငှားဈေးကွက်တွင် ဆိုင်ခန်းဖွင့်လှစ်ရန်အတွက် ငှားရမ်းမှုများ အများဆုံးဖြစ်ပေါ်နေပြီး ငှားရမ်းခအနေဖြင့် ငွေကျပ်သိန်း ၂၀ ဝန်းကျင်မှ ၃၅သိန်းဝန်းကျင်အတွင်း အများဆုံးရှိသည်။ လူနေထိုင်ရန်အတွက် ငွေကျပ် ၁၀ သိန်း အထက်ရှိသော အိမ်များကို ငှားရမ်းမှုများပြားလျက်ရှိသည်။

"မကြာမီ သီတင်းကျွတ်ကာလ ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အိမ်ခြံမြေဈေးကွက်က ကောင်းလာပါတယ်။ အဓိကအားဖြင့် အငှားဈေးကွက် သိသိသာသာကောင်းလာတာဖြစ်ပါတယ်။ အရောင်းအဝယ်က ငွေကျပ်သိန်းတစ်သောင်းကျော်ကနေ သုံးသောင်းဝန်းကျင်ကြားရှိပါတယ်" ဟု ဦးရန်အောင်က ပြောသည်။

အငှားဈေးကွက် ကောင်းမွန်လျက်ရှိသော်လည်း ယခုလပိုင်းအတွင်း အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက်မှာ အနည်းငယ်အေးနေသည်။ လက်ရှိဝယ်ယူမှုများတွင် အမှန်တကယ် နေထိုင်ရန်အတွက် ဝယ်ယူသူများပြားပြီး ရင်းနှီးမြှုပ်နှံရန်အတွက် ဝယ်ယူသူအရေအတွက်မှာမူ ယခုရက်ပိုင်းအတွင်း နည်းပါးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူး

ထိုနေ့က တိုက်ခန်းမှာ လူနှစ်ယောက်၊ သုံးယောက်သည် ခဏတာနေထိုင်ပြီးလျှင် အိတ်ကြီး၊ အိတ်ငယ်တွေ ယူဆောင်၍ ထိုအခန်းမှ ထွက်ခွာကြသည်တွင် ထိုတိုက်ခန်း၏ စတီခုံပေါ်မှာ ဘာပါလိမ့်ဟု စူးစမ်းလိုစိတ်နှင့် မိမိ၏မျက်လုံးတစ်စုံက စိတ်ဝင်စားစွာ ထိုစားပွဲ၏အနီးသို့ကပ်လျက် ကြည့်လိုက်သည်။

ထိုစားပွဲပေါ်ကအရာမှာ ရွှေလော၊ ငွေလော၊ စားစရာလော။ သိလိုက်သည်။ ရွှေမဟုတ်ပါ။ ငွေမဟုတ်ပါ။ စားစရာ မဟုတ်ပါ။

ရွှေငွေထက် တန်ဖိုးရှိသော သတင်းစာစောင်နှစ်ရွက်မှာ ထိုတိုက်ခန်း၏အတွင်းတစ်နေရာ စတီစားပွဲခုံမြင့်၏အပေါ်တွင် အသံတိတ် ငြိမ်သက်နေကြသည်။

ထိုသတင်းစာရွက်ကို မိမိ၏ညာဘက်လက်နှင့် ကောက်ယူ၍ မိမိ၏မျက်လုံးတစ်စုံနှင့် ဖတ်ကြည့်ရာတွင် အပြာရောင်စာလုံးနှင့် ကြေးမုံဟုဖော်ပြလျက် တွေ့မြင်ရ၍ ကြေးမုံသတင်းစာဖြစ်ကြောင်း မိမိ၏မြင်သိစိတ်ဖြင့် သိလိုက်သည်။

ထိုကြေးမုံသတင်းစာထုတ်သည့် ရက်စွဲမှာ ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက် အင်္ဂါနေ့ရက်စွဲဖြစ်ကြောင်း ဖတ်သောအခါ သိလာ၏။

စာဖတ်ချင်စိတ် ပြင်းပြစွာရှိလာသည်နှင့် ကြေးမုံသတင်းစာ၏ အတွင်းစာမျက်နှာ တတိယကော်လံ၏ အောက်ခြေထောင့်တစ်နေရာမှာ မိမိသည် ဖတ်လေသောအခါ အားရဝမ်းသာပုံမှာ ဟင်းကောင်းနှင့် ထမင်းစား၍ လျှာအကြောပေါင်းများစွာ အရသာတွေ့လှ၍ ဆွေမျိုးတွေမေ့ပုံမျိုးတည်း။

သို့ရာတွင် ခဏကြာသောအခါ မိမိဖတ်နေသော ကြေးမုံသတင်းစာ၏အခြင်းအရာတို့ကို ချစ်ခင်သူစာဖတ်မိတ်ဆွေအား မျှဝေလိုသော အတွေးစိတ်ကူးပေါ်လာပေရာ အောက်ပါအတိုင်း စာရွက်ပေါ် ပျော်ရွှင်စွာရေးကူးလိုက်ပါတော့သည်။

**နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ**

**၁။ ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။**

**၂။ နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။**

**၃။ နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။**

**၄။ ကင်ဆာဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေးခြင်း။**

**၅။ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။**

**၆။ သွေးပေါင်းချိန်ကို ပုံမှန်ဖြစ်စေခြင်း။**

**၇။ ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။**

**၈။ စိတ်ပျော်ရွှင်စေခြင်း။**

**၉။ အရိုးအဆစ်တွေကို သန်မာစေခြင်း။**

**၁၀။ ကိုယ်ခံစွမ်းအားကို တက်စေခြင်း။**

**၁၁။ သွေးကြောထုံးတာကို သက်သာစေခြင်း။**

**၁၂။ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။**

**၁၃။ အသက်ကြီးရင်ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်း မဖြစ်အောင် ကာကွယ်ပေးခြင်း၊ စိတ်ပျော်ရွှင်စေခြင်း။**

**စိတ်။** ကလေးလူငယ် လူရွယ်၊ လူကြီး၊ အမျိုးသမီး၊ အမျိုးသားတွေမှာ လူအမျိုးမျိုး၊ စိတ်အမျိုးမျိုး၊ အရောင်အသွေးမျိုးစုံဖြင့် ဘဝဇာတ်ခုံတွင် လူသတင်း လူချင်းဆောင်လျက် ချစ်ခင်မှုအပြုံး နှစ်လိုဖွယ်အမူအရာဟန်ရှိခြင်းမှာ ကောင်းမွန်သောလူတွေ၏ ယဉ်ကျေးမှုဖြစ်၏။

အာရုမ္မဏံ စိန္တေတီတိ စိတ္တံဟု အဘိဓမ္မာစိတ်သဘောကို ဝိဂြိုလ်သဒ္ဒါပြုကြသည်တွင် ထိုလူ၊ ဤလူတွင်ရှိနေသော စိတ်၏အဓိပ္ပာယ်မှာ အာရုံကို ကြံတတ်စည်တတ် ကြံစည်တတ်သောကြောင့် စိတ်ဟုခေါ်ပေရာ စိတ်၏တန်ခိုးသတ္တိမှာ ထိုလူ၊ ဤလူ၏တန်ခိုးဖြစ်ကြောင်း စိတ်သာရှင်စောဘုရားဟော ဟူသောစကားမှာ သက်သေအရာဖြစ်၏။

ထိုလူ ဤလူရှိ စိတ်၏ ပျော်ရွှင်မှုရယူရာတွင် လမ်းလျှောက်ခြင်းဖြင့် စိတ်ပျော်ရွှင်နိုင်ကြောင်း သတင်းကောင်းအနေဖြင့် ကြေးမုံသတင်းစာမှာ မိမိဖတ်သောအခါ အသိတစ်ခုတိုးလာ၏။

ထိုနေ့က နံနက်ချိန်ခါ ရာသီဥတုသာယာကောင်းမွန်တာကြောင့် လမ်းလျှောက်ရန် မိမိသည်ဆုံးဖြတ်လိုက်သည်။ တကယ်လည်း ဆုံးဖြတ်သည့်အတိုင်း လမ်းလျှောက်ရာတွင် နှစ်ယောက်



ဖြစ်သော် ဒွေဘော်ကြုံသော် ငြင်းခုံရန်ပွဲ စည်လေမြဲတည့်ဆိုသည့်အတိုင်း အဖော်နှင့်လမ်းလျှောက်လျှင် စိတ်၏လွတ်လပ်မှု မဖြစ်နိုင်။

တစ်ယောက်တည်း လမ်းလျှောက်တဲ့အခါ ငြင်းခုံစရာ လူမပါလေသောကြောင့် စိတ်လွတ်ကိုယ်လွတ် လွတ်လပ်ပေါ့ပါးစွာ လမ်းလျှောက်သော အရသာမှာ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ နှစ်သက်ခြင်း၊ အားတက်ဝမ်းသာခြင်းတွေ တစ်ခုပြီးတစ်ခုရလာကြောင်း လက်တွေ့လမ်းလျှောက်သောအခါ သိလာ၏။

သည်မှာ ဘုရားကျောင်းဆောင်၊ သည်မှာ သံဃာဆောင်၊ သည်မှာ ယောဂီဆောင်၊ သည်မှာ ကွန်ကရစ်လမ်း၊ သည်မှာ လမ်းဘေးရေနုတ်မြောင်း၊ သည်မှာ နီနီရဲရဲ အညွှန့်တဝေဝေနှင့် အာဆီယံသပြေတန်းကလေး၊ သည်မှာ ရွှေစေတီကြီးနှင့် ငွေစေတီများ။

ထိုအခြင်းအရာတို့မှာ မိမိသည် လမ်းလျှောက်ရင်း တစ်ခုပြီးတစ်ခုမြင်ခဲ့သည်တွင် ထိုအမြင်အာရုံတွေကို ကျော်လွန်၍ ကွန်ကရစ်လမ်းအတိုင်း အဖော်မမှီး တစ်ဦးတည်း ဆက်လျှောက်လှမ်းလာခဲ့၏။

အချိန်မှာ နံနက်ခင်းမို့ နေခြည်နုနုဖွေးဖွေးရှိလှသည်နှင့် လေပြည်လေညင်းကလေး၏ တိုးတိုးတိတ်တိတ် နှုတ်ဆက်သံထင်ပါရဲ့။

'အို …ချစ်မိတ်ဆွေ လမ်းလျှောက်တာလား။ ကောင်းတာပေါ့။ ကျန်းမာရေးက လူမှာ အဓိကပဲ။ လမ်းလျှောက်တော့ ကျန်းမာမယ်။ ကျန်းမာတော့ ချမ်းသာခြင်းသုခ စည်းစိမ်တွေ တိုးလာမှာပဲ။'

'မကျန်းမမာသော လူတစ်ယောက်အဖို့ ဆေးခန်းပြတဲ့အခါ စမ်းသပ်ခတွေ၊ ဆေးဖိုးတွေ စရိတ်က ဒီခေတ်ဒီအခါမှာ ငွေသိန်းဂဏန်းပါမှာတဲ့ဗျာ။ လူမှာ ကျန်းမာရေးကောင်းခြင်းဟာ လာဘ်တစ်ပါးပဲ ဗျာ'

တိုးတိုးကလေး ပြောကြားပေးလာသော လေပြည်ကလေး၏ ထိုနှုတ်ဆက်သံက ချိုမြသလို အေးမြ၍ သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းကို ရှူရှိုက်ရသည်မှာ လမ်းလျှောက်နေသော မိမိ

> "အို◦ ◦ချစ်မိတ်ဆွေ လမ်းလျှောက်တာလား။ ကောင်းတာပေါ့။ ကျန်းမာရေးက လူမှာ အဓိကပဲ။ လမ်းလျှောက်တော့ ကျန်းမာမယ်။ ကျန်းမာတော့ ချမ်းသာခြင်းသုခ စည်းစိမ်တွေ တိုးလာမှာပဲ။ မကျန်းမမာသော လူတစ်ယောက်အဖို့ ဆေးခန်းပြတဲ့အခါ စမ်းသပ်ခတွေ၊ ဆေးဖိုးတွေစရိတ်က ဒီခေတ်ဒီအခါမှာ ငွေသိန်းဂဏန်းပါမှာတဲ့ဗျာ။ လူမှာ ကျန်းမာရေးကောင်းခြင်းဟာ လာဘ်တစ်ပါးပဲ ဗျာ"

၏ အခွင့်အလမ်းတစ်ခုပင် ဖြစ်သည်။

မိမိသည် လမ်းလျှောက်လျက်ရှိသောဒေသမှာ မေမြို့(သို့မဟုတ်) ပြင်ဦးလွင်(သို့မဟုတ်)တောင်လေ့ကားမြို့(သို့မဟုတ်)ပန်းမြို့တော်နှင့် မနီးမဝေးဖြစ်တာကြောင့် တောတောင်တွေ လျှိုမြောင်တွေ စိမ့်စိမ်းတွေက နေရာဒေသ၏ထူးခြားမှုအသွင်နှင့် အလှကိုယ်စီ ရှိကြသည် တွင် ထိုသဘာဝအလှတရားမှာ မိမိ၏မျက်ဝန်းအစုံတွင် ရှုမဝနိုင် သလိုထိုတော ထိုတောင်တွေကို လူမသိ သူမသိ မိမိတစ်ကိုယ်တည်း ချစ်အားပိုနေမိလေ၏။

**ကွန်ကရစ်လမ်း။** တစ်မိုင်ခန့် ရှည်လျားသော ကွန်ကရစ်လမ်းကုသိုလ်ရှင်မှာ မန္တလေးမြို့ ပလက်တီနမ်ရွှေဆိုင် ဒေါ်ဝါးစိန်နှင့် သမီးဖြစ်သူ မအေးအေးမြင့်တို့ဖြစ်ကြောင်း သိရပေရာ ကားနှင့်တစ်မျိုး၊ ဆိုင်ကယ်နှင့်တစ်ဖုံ လမ်းလျှောက်သူတစ်သွယ် လူများစွာ၏ကောင်းကျိုးဆောင်နေသော ကွန်ကရစ်လမ်းဖြစ်သည်နှင့် ကွန်ကရစ်လမ်းကုသိုလ်ရှင်တို့၏ အလှူဒါနစေတနာကို ထိုနေ့က လမ်းလျှောက်ရင်း ဝမ်းမြောက်နှမော် သာဓုခေါ်နေမိသည်။

မိုးကောင်းကင်မှာ တိမ်ညိုတိမ်မည်းတွေ ကင်းစင်လျက် ကောင်းကင်ပြာပြာက မည်သူဆေးခြယ်၍ အပြာရောင်နှင့် လှပနေသည်။

တောင်တန်းတွေမှာ မှိုင်းလျက်ညိုနေ၏။ ကျွန်းပင်ပျိုတွေမှာ အရွက်ဖားဖားနှင့် စိမ်းစိုလျက်၊ ယူကလစ်ပင်တွေမှာ ခြေတံရှည်လူများပမာပင်စည် ဖြောင့်ဖြူးလျက်၊ ယူကလစ်ပင်တွေရဲ့ အရွက်တွေက မြသွေးရောင်သမ်းလျက်။

ပြာခြင်းတစ်ဖြာ၊ ညိုခြင်းတစ်လှည့်၊ အစိမ်းရောင်တွေဆိုတာ ပန်းချီဆရာက ဆေးခြယ်သလော။

ကောင်းကင်မှာ ကျယ်၏။ မြေပြင်မှာလည်း အတိုင်းအဆပမာဏအားဖြင့် ကောင်းကင်အတူ ကျယ်ဝန်း၏။ ထိုကောင်းကင်နှင့် ဤမြေမဟီမှာ ကျယ်ဝန်းသလောက် ကြီးမားသောသဘောရှိပေရာ ကွန်ကရစ်လမ်းပေါ် လမ်းလျှောက်နေသော မိမိမှာ အစက်အပြောက်ပမာ သေးငယ်လွန်းလှ၏။

အနောက်မှ အရှေ့နေထွက်ရာအရပ်ကို မျက်နှာမူလျက် ခြေတစ်လှမ်းချင်း လမ်းလျှောက်လာသောအခါ အတန်ကြာသည်နှင့် တောင်မြောက်သွယ်တန်းနေသော ကတ္တရာလမ်းကလေးပေါ် ရောက်လာပါပြီ။

ယူကလစ်တောအုပ်စိမ်းစိမ်းမှာ ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းဆုံတွင်ရှိလျက် ကတ္တရာလမ်း၏အရှေ့ဘက်တွင် မားမားမတ်မတ်ရှိနေပုံမှာ သူတို့၏လောကဓံကို အန်တုလျက် ရှင်သန်နိုင်စွမ်း ဂုဏ်သတ္တိကို ဖော်ထုတ်ပြနေပုံရသည်။

သည်ကတ္တရာလမ်းအတိုင်း တောင်အရပ်ဆီသို့ သွားသောအခါ ရဲရွာရေအားလျှပ်စစ်သို့ရောက်ကြောင်း သိရ၏။

တောင်အရပ်သို့ ကတ္တရာလမ်းအတိုင်း လမ်းဆက်လျှောက်သည်နှင့် တောင်ကုန်းတစ်ခုပေါ်မှာ တောင်ယာစပါးခင်း၏ ရွှေဝါရောင်စပါးနှံတွေမှာ ရိတ်သိမ်းချိန်တန်လောက်အောင် ရင့်မှည့်နေကြကုန်ပြီ။

စပါးခင်း၏အလယ်မှာ တောင်ယာရှင် အမျိုးသမီးတစ်ယောက်ကရပ်လျက် စပါးခင်းစောင့်နေပုံရသည်ဟု မိမိက အောက်မေ့လျက်ကြည့်စဉ် ထိုအမျိုးသမီးမှာ အပြာရောင်ဝတ်စုံနှင့် ခမောက်ဆောင်းလျက် ဟန်အမူအရာ အသွင်အပြင်ရှိပေရာ ထိုအမျိုးသမီး၏ မလှုပ်မယှက် ငြိမ်သက်နေပုံကို ကတ္တရာလမ်းပေါ်က မိမိသည် ရပ်လျက် အတန်ကြာ စိုက်ကြည့်လေ၏။

မိမိ၏မျက်စိရယ် ထိုစပါးခင်းထဲက ရပ်နေဟန် ထိုအမျိုးသမီး၏ အဆင်းရူပါရုံရယ် ဆုံကြကုန်၍ မြင်သိစိတ်ပေါ်သောအခါ သက်ရှိလူသားအမျိုးသမီးမဟုတ်မူ၍ စာခြောက်ရုပ်ဖြစ်ကြောင်း မိမိသိလိုက်ရသည်။

ထိုအခါ ထိုနေ့နံနက်ခင်း လမ်းလျှောက်ရင်း တောင်ယာစပါးခင်းပိုင်ရှင်၏ စာခြောက်ရုပ်ပြုလုပ်ထားပုံနှင့် ထိုစာခြောက်ရုပ်၏ အမျိုးသမီးအသွင် သရုပ်ဆောင်လျက်ရှိပုံကို မြင်ရသောအခါ မိမိတစ်ကိုယ်တည်း ပြုံးမိ၏။ ပျော်ရွှင်သော စိတ်နှင့်အတူ …..။

မြတ်ထေရ်ကျော်

## စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - နှစ်ကြီးသမား |
| စာရေးသူ | - နတ်နွယ် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၆၉ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇွန်လ(စတုတ္ထအကြိမ်) |

၁၉၅၇ ခုနှစ်တွင် ပထမအကြိမ်၊ဒုတိယအကြိမ်နှင့်တတိယအကြိမ်အထိ ထုတ်ဝေဖြန့်ချိခဲ့သည်။

ဆရာနတ်နွယ်၏ ငါးအုပ်မြောက် ပင်ကိုယ်ရေးလုံးချင်း ဝတ္ထုရှည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီး ရောင်စုံသူပုန်များသောင်းကျန်းသောကာလတွင် နေထိုင်ခဲ့ရသည့် ကျောင်းသားတစ်ဦးဘဝဇာတ်လမ်းကို ရေးသားဖွဲ့နွဲ့ထားသည်။

မန္တလေးမြို့တွင် အခြေခံအတန်းပညာကို သင်ကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အကြိမ်ကြိမ်ကျရှုံးပြီး နှစ်ကြီးသမားဖြစ်လာရပုံ၊ ငါးနှစ်မြောက်ဖြေဆိုမှသာ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ခဲ့ရသည်။

တက္ကသိုလ်သို့ ဆက်တက်ရန်အခြေအနေမပေးသဖြင့် ပြင်ပလောကတွင် ဘဝကို ရပ်တည်ပြီး စာရေးသူ၏ဘဝ တစ်စိတ်တစ်ပိုင်းဖြင့် ရောယှက်ရေးသားထားသည့် ဝတ္ထုရှည်ဇာတ်လမ်းဖြစ်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။





| | |
|---|---|
| စာအုပ်အမည် | - အင်္ဂလိပ်မြန်မာနောက်ဆုံးတိုက်ပွဲ |
| စာရေးသူ | - ဦးခင်မောင်ကြီး |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| စာမျက်နှာ | - ၃၆၅ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(တတိယအကြိမ်) |

၁၉၆၅ ခုနှစ်တွင် ပထမအကြိမ်၊ မြန်မာပြည်စာပေမှ ထွက်ရှိခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေမှ ဒုတိယအကြိမ်အဖြစ် ရိုက်နှိပ်ဖြန့်ချိကာ ယခု တတိယအကြိမ်အဖြစ် ပြန်လည်ထွက်ရှိလာသည်။

မူရင်းစာရေးဆရာ မောရစ်ကောလစ်၏ (LAST AND FIRST IN BURMA 1941-1948)စာအုပ်ကို မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။

ဤစာအုပ်သည် မူရင်းစာရေးသူက သူတွေ့ကြုံခဲ့ရသောအကြောင်းအရာများကို သူ့အမြင်နှင့် ရေးသားထားပြီး ၁၉၄၁ မှ ၁၉၄၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သောအချက်အလက်များ၏ 'သမိုင်းကြောင်း' ကို ဖတ်ရှုရမည်ဖြစ်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံရှေ့ ကျောက်ပန်းတောင်း-ချောက်လမ်းမကြီးဘေးတွင် ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြသည်။



အဆိုပါ လက်ကမ်းစာစောင်တွင် စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်တွင် အပူဒဏ်ကြောင့် ပြည်သူများ အသက်သေဆုံးမှုမဖြစ်စေရန် သတိပြုရမည့် အပူဒဏ် အန္တရာယ်များ၊ အရေးပေါ်ရှေးဦးပြုစုခြင်း၊ အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များပါဝင်ပြီး၊ ပြည်သူများ လေ့လာသိရှိနိုင်စေရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ထူးမြတ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့မြင့်နှင့် အဖွဲ့ဝင်များ စုစုပေါင်း ၄၅ ဦးတို့က လက်ကမ်းစာစောင် ၃၀၀ စောင်အား ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၅၆)

* - * - * - * - * - *



ပတ်စရာ၊ မှတ်စရာ

စုံလင် မန္တလေး

## မအိုသောမေတ္တာ

* နေ့စဉ်နဲ့အမျှ
တွေ့မြင်နေရ
ဆံဖြူသွားကြွေ
ယိုင်နဲ့နေတဲ့
တံတားအိုပေါ်မှာ
ပါးရေ နားရေ တွန့်ကြေ
အိုမင်းနေတဲ့
အမေအိုတစ်ယောက်။

* နံနက်ခင်း နေခြည်အောက်မှာ
သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်
ဝမ်းစာကို ပင်ပင်ပန်းပန်း ဖွေရှာ
ခေါင်းပေါ်မှာ ဝန်ထုပ်ဝန်ပိုးကြီးကို
မနိုင်မနင်း မညည်းမညူရွက်
နေ့စဉ်ရက်ဆက် လျှောက်လှမ်းနေလျက်ပါ။

* ခါးသက်ရတ လူ့ဘဝ
သမုဒ္ဒယအရင်းခံ
သံယောဇဉ် ဆက်ထုံးလေးတွေအတွက်
ရင်မှာသောကဇောတွေ ပြည့်နှက်လည်း
စိတ်ခွန်အားတွေ နပျိုလတ်ဆတ်ဆဲ။

* လောကဓံကို စီးချင်းထိုးရင်း
စွန့်လွှတ်စွန့်စား ပေးဆပ်ခြင်းများနဲ့
ရဲရင့်မှုအပေါင်း
သရဖူဆောင်းတဲ့ အမေအို
အရွယ်အိုလည်း မေတ္တာမအိုပါ။

မိုးထက်ကို(အမရပူရ)

## အားကစားနှင့် ကျန်းမာကြံ့ခိုင်မှုအကြောင်း အသိပညာပေး (Talk Show) ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁၈**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများသိရှိစေရန် ရည်ရွယ်၍ အားကစားနှင့်ကျန်းမာကြံ့ခိုင်မှုအကြောင်း အသိပညာပေး (Talk Show) ကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက မြို့နယ်ရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က ပုံမှန်အားကစားပြုလုပ်ခြင်းနှင့်စိတ်ကျန်းမာရေး၏ ဆက်စပ်နေမှု၊ အလုပ်များနေသူများအတွက် နေ့စဉ်ဘဝတွင် ကျန်းမာအောင်ပြုလုပ်သင့်သည့် လေ့ကျင့်ခန်းများအကြောင်းကို မေးမြန်းဆွေးနွေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားမှူး ဒေါ်ခင်မျိုးဝင်းက ပုံမှန်အားကစားပြုလုပ်ခြင်းသည် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်ပြီး ခန္ဓာကိုယ်ကို ပေါ့ပါးစေသလို ကြွက်သားများသန်မာစေကြောင်း၊ အလုပ်များသူတွေအနေဖြင့် အချိန်ရသည့်အခိုက်အတန့် (သို့မဟုတ်) ခန္ဓာကိုယ်သန့်ရှင်းရေးမပြုလုပ်မီအချိန်၌ လမ်းလျှောက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းများ ပြုလုပ်သင့်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

* - * - * - * - * - *



## ရွှေစည်းခုံစေတီတော် ဘုရားအနေကဇာတင်ခြင်းနှင့် သင်ပုတ်ပလ္လင်ပွဲတော် ရေစက်ချမင်္ဂလာ ကျင်းပ



**ညောင်ဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဗုဒ္ဓဘိသေကဘုရားအနေကဇာတင်လှူပူဇော်ခြင်းနှင့် သင်ပုတ်ပလ္လင်ပွဲတော် ရေစက်ချမင်္ဂလာကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ရွှေစည်းခုံဘုရားအရှေ့တောင်ထောင့်ရှိ အင်္ဂါထောင့် တန်ဆောင်းတော်၌ ကျင်းပခဲ့သည်။

ရွှေစည်းခုံဘုရားအနေကဇာတင်ပူဇော်ခြင်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းသော သင်ပုတ်ပလ္လင်ပွဲတော် ရေစက်ချမင်္ဂလာတွင် ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အလိုတော်ပြည့်စာသင်တိုက် ပဓာနနာယကဆရာတော်(ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်၍ မေတ္တသုတ်တရားတော်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ကျောင်းအုပ်ဆရာမကြီးဒေါ်နီလာမြင့်၊ ဂေါပကဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက တက်ရောက်နာယူကြည်ညိုခဲ့ကြပြီး ဆရာတော်များအား ဆွမ်းတော်ပွဲများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အလိုတော်ပြည့်စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

## ဖြဟ္မစိုရ် လူမှုကူညီရေးအသင်း မျက်စိဌာနအတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၈**

ဖြဟ္မစိုရ် လူမှုကူညီရေးအသင်း မျက်စိဌာနအတွက် အလှူငွေကျပ် သိန်း ၅၀ ကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ အသင်းရုံးခန်းမတွင် သွားရောက် လှူဒါန်းခဲ့သည်။

မျက်စိဌာနအတွက် အလှူငွေများကို ကွယ်လွန်သူ ဖခင်ကြီး(ဦးကိုလေး)၊ မိခင်ကြီး (ဒေါ်အမာကြည်)တို့အား ရည်စူး၍ မိခင်ကြီးကွယ်လွန်ခြင်း တစ်နှစ်ပြည့်အတွက် သားသမီးများဖြစ်ကြသော မခင်သက်မော်၊ ကိုတင်အောင်ထွန်း၊ ကိုခင်မောင်ထွန်း၊ မဝါဝါဝင်း၊ ကိုမောင်မောင်ထွန်း+မခင်ဌေးမြင့်၊ ဒေါက်တာဖင်မောင်ထွန်း+ဒေါက်တာသဇင်လှမြင့် သားသမီးမြေးတစ်စု (ရွှေလီမော်-မိသားစု)၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်က ငွေကျပ် သိန်း ၅၀ ကို လှူဒါန်းခဲ့ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာငြိမ်းငြိမ်းနှင့် အတွင်းရေးမှူး ဦးမောင်တာတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## WeCare စီစဉ်မှုဖြင့် မန္တလေးသို့ အိန္ဒိယမှ အထူးကုဆရာဝန်ကြီး သုံးဦး လာရောက်၍ ကျန်းမာရေးဟောပြောဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၈**

We Care Healthcare ၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံ၊ BLK MAX ဆေးရုံကြီးမှ ဝါရင့်ဆရာဝန်ကြီး သုံးဦး ကိုယ်တိုင် လူနာများနှင့်တွေ့ဆုံသည့် အခမဲ့ ကျန်းမာရေးဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက Hotel Mandalay ၌ ကျင်းပခဲ့သည်။



WeCare ၏ (၄၁) ကြိမ်မြောက် ကျန်းမာရေးဆွေးနွေးဟောပြောပွဲဖြစ်ပြီး ကျောက်ကပ်ရောဂါအမျိုးမျိုး၊ ကျောက်ဆေးနေရသူများနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုဆိုင်ရာ အထူးကုပါရဂူကြီး Dr, Sunil Prakash ဦးနှောက်၊ ကျောရိုးဆစ်၊ အာရုံကြောနှင့် ခါးနာ၊ လည်ပင်းနာဝေဒနာဆိုင်ရာ ခွဲစိတ်ပါရဂူကြီး Dr. Rohit Bansil၊ နှင့် ကင်ဆာရောဂါကုသမှုဆိုင်ရာ အထူးကုပါရဂူကြီး Dr. Chandragouda Dodagoudar တို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံခြားသို့ ဆေးကုသသွားရောက်လိုသူများအနေဖြင့် ၁၂ နှစ်ကျော်ရပ်တည်လာခဲ့သည့် WeCare Healthcare ကို ဆက်သွယ်နိုင်ပြီး ဆေးကုသမှု ခရီးစဉ်အစအဆုံးအပြင် life long care ကိုပါ အခမဲ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) ကျော်မင်းသော်

## (၆၆)ကြိမ်မြောက် ပြည်တော်သာစမ္မာရုံ သံဃဒါနဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ပြင်ဦးလွင် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် (၆၆) ကြိမ်မြောက် ပြည်တော်သာစမ္မာရုံ သံဃဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ၊ စာရေးတံနှင့် နိဗ္ဗာန်ဈေးအထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲတွင် အသက် ၁၂ နှစ်မှ ၂၂ နှစ်အောက် အရွယ်ရှိ အမျိုးသား၊ အမျိုးသမီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲကျင်းပမည့်ရက်ဖြစ်သော အောက်တိုဘာ ၂၅ ရက်အထိ သတ်မှတ်အသက်အရွယ်အတွင်း ရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ညနေ ၅ နာရီတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅) ပြည်တော်သာစမ္မာရုံ၌ စာရင်းပေးသွင်းရာတွင် အိမ်ထောင်စုစာရင်းမူရင်းကို မဖြစ်မနေ ယူဆောင်လာရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တာယာအရွယ်အစား ၂၆ လက်မနှင့် ၂၆ လက်မအောက်ရှိ စက်ဘီးများဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး Fixie Bicycle အမျိုးအစားများကို ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စက်ဘီးစီးဦးထုပ် (သို့မဟုတ်) ဆိုင်ကယ်ဦးထုပ်ကို မဖြစ်မနေ ဆောင်းထားရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲရက် နံနက် ၅ နာရီခွဲတွင် ပြည်တော်သာစမ္မာရုံရှေ့၌ စုရပ်အဖြစ် သတ်မှတ်ထားသည့်နေရာသို့ ရောက်ရှိရမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် တာထွက်မည် ဖြစ်သည်။

ပြိုင်ပွဲလမ်းကြောင်းမှာ ပြည်တော်သာစမ္မာရုံမှ စတင်ကာ ဂေါက်ကွင်းလမ်း၊ အိမ်တော်လမ်း၊ ကန်တော်ကြီးနောက်လမ်းတို့ကို ဖြတ်သန်း၍ တိုင်းရင်းသားကျေးရွာအထိ သတ်မှတ်ထားသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို ပြည်တော်သာစမ္မာရုံ၏ (၆၆) ကြိမ်မြောက် သံဃဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ၊ စာရေးတံမဲပွဲနှင့် နိဗ္ဗာန်ဈေးအထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၀၇၀)



## သာသနာ့နွယ်ဝင်များအား UID ကတ်များ ဆောင်ရွက်

**ချောက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ သာသနာ့နွယ်ဝင် ရဟန်းသံဃာ၊ ရှင်သာမဏေတို့ကို UID ကတ်ဆောင်ရွက်ပေးခြင်းနှင့် ထုတ်ပေးခြင်းကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁၀)ရပ်ကွက်၊ စလင်းစာသင်တိုက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီစစ်ဆောင်ရွက်ပေးပြီး UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်သွင်သွင်ငြိမ်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် တာဝန်ရှိသူတို့က ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးနှင့် ပျဉ်းမနားမြို့နယ်၊ သကြားစက်လမ်းဆုံတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအတွင်း၌ ဌာနဆိုင်ရာ ဝန်ထမ်းများစုပေါင်း၍ အပင်များ အလင်းဖွင့်ခြင်း၊ မြက်ပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ သကြားစက်လမ်းဆုံ လမ်းဘေး ဝဲ၊ ယာတွင် မြက်ချုံများအား ထွန်စက်ဖြင့် ရှင်းလင်းခြင်း၊ မြက်ဖြတ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏသီရိ)

၀-၀-၀-၀-၀-၀-၀

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန်။

## ပျဉ်းမနားမြို့နယ်ရှိ ပဲပုပ် ရေဆင်း-၁၅ စိုက်ပျိုးထားရှိမှုအား ကြည့်ရှုအားပေး



**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ ဦးမောင်မောင်သန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်ရှိ ပဲပုပ် ရေဆင်း-၁၅ စိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ်၊ ဇီးဖြူပင်ကျေးရွာ၊ ကွင်းအမှတ် (၁၇၂၁)သို့ ရောက်ရှိရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဇီဝမီးသွေး အသုံးပြုပုံ၊ ဇီဝပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် သီးနှံများ အယ်လ်နီညိုဒဏ်ကာကွယ်ရေး ကြိုတင်စီမံဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များက တောင်သူ ဦးအောင်နိုင်၏ MAPCO ကုမ္ပဏီနှင့် တောင်သူအကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ပဲပုပ် ရေဆင်း-၁၅ နှစ်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများအား မျိုးကောင်းမျိုးသန့်များကို စနစ်တကျ စိုက်ပျိုးပြီး သတ်မှတ်ထားသည့် ပန်းတိုင် အထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်ကြရန်၊ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးနေသည့် မြေဆီလွှာဖွံ့ဖြိုးရေး ဇီဝမီးသွေးကို စနစ်တကျထည့်သွင်းအသုံးပြုကြရန်၊ အယ်လ်နီညိုရာသီဥတုဒဏ် ကာကွယ်နိုင်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးရေးနည်းလမ်းများကို အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန် မှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**သျှင်ဦးမောင်(ဒက္ခိဏ)**

*-*-*-*-*-*-*

## ရေပြတ်လပ်မှုမရှိစေရေးနှင့် အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မိုးကုတ် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေးနှင့် အပူရှိန်ကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရေးအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးပါလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးတင့်လွင်ဌေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကိုကိုနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ရာ မိုးကုတ်မြို့၊ မြို့မရပ်ကွက်၊ စစ်တန်းရပ်ရှိ မြို့ရေပေးဝေရေး ရေစုကန်များ စနစ်တကျရှိစေရေး အပူရှောင်စခန်း ခုနစ်ခုရှိသည့် အနက် မြို့မရပ်ကွက်၊ ထင်းရှူးခြံရပ်ရှိ မင်္ဂလာတိုက်ရိပ်သာ၊ ရှောလိပိုင်းရပ်ကွက်၊ အောင်ချမ်းသာရပ်ရှိ မဟာမုနိဘုရားမွှော်ရုံနှင့် လယ်ဦးရပ်ကွက်၊ ရွှံ့ပန်းရပ်ရှိ စံတော်ဝင်ရိပ်သာတို့တွင် အပူရှောင်စခန်းဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စိုင်းလှမြင့်သိန်း**

**(မြို့နယ်-ပြန်/ဆက်)**



## ကြက်သွန်စိုက်ပျိုးသည့် အသင်းသားတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာပေးအပ်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာနက ကန်သာကျေးရွာအုပ်စု၊ မင်းရွာကျေးရွာရှိ ကြက်သွန်စိုက်ပျိုးသည့် အသင်းသား တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားပြီး မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သွင်းအားစုဓာတ်မြေဩဇာပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မင်းရွာကျေးရွာရှိ ကန်သာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အသင်းသား တောင်သူ ၃၉ ဦး၏ ကြက်သွန်စိုက်ဧက ၁၀၀ အတွက် အသင်းပိုင် ငွေကျပ် ၂၇ ဒသမ ၉၂၂ သန်းဖြင့် ဓာတ်မြေဩဇာအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) ဆက်လူ**







## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးမှု ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့ ပူးပေါင်းကာ သင်တန်းသား၊ သင်တန်းသူလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ ညနေ ၆ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ အကြီးကိုကို(ကသာ)က လတ်တလောတွင် ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အယ်လ်နီညိုအပူချိန်မြင့်တက်လာခြင်းကြောင့် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး စာရေးဆရာက ပြန်လည်ဖြေကြားခဲ့ကာ မေးခွန်းမေးသော ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးရှိစေသော စာအုပ်၊ စာပေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနမှူး ဦးမြင့်ခိုင်၊ စာရေးဆရာအကြီးကိုကို (ကသာ)၊ လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူ ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၆၉)**

*-*-*-*-*-*-*

## ခန်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ စစ်ဆေး

**မချမ်းဘော အောက်တိုဘာ ၁၈**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ခန်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ရာ မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ် ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၈ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၂၅ သန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ ဒသမ ၁၀သန်း အသင်းသား၊ အသင်းသူ ၃၇ ဦး ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၈ ဒသမ၈၅သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ရဲကျော်**



# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ကျောက်ဆည် အောက်တိုဘာ ၁၈

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ယမန်နေ့ နံနက်ပိုင်း က ကျောက်ဆည်မြို့နယ်၊ အင်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က သင်တန်းမှ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချသွားရန် အမှာစကား ပြောကြားခဲ့ပြီး အဖွဲ့ဝင် ဦးအောင် သူ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိုးစိုးထွန်းတို့က သင်တန်းသား၊ သင်တန်းသူ များအား သင်တန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားခဲ့ပြီး အဆိုပါ သင်တန်းကို အောက်တို ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား လူသုံးကုန်ထုတ်လုပ်မှုနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။



(၄၈၅)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၈-က)၊ အကွက်အမှတ်(၆၆/၄)၊ ဦးမြို့တင် ပိုင်ကွင်း (၃ ဒသမ ၁၈) ဧကအတွင်းမှ ဦးတင်ဆွေဦး ပိုင်ဆိုင်သော မြေဧရိယာ (၆၀×၈၀) ပေ အကျယ်အဝန်းအတွင်းရှိ မြေကွက်နှင့်ဂိုဒေါင်အဆောက်အဦအပါအဝင် အဝီစိတွင်း၊ ပေါက်ရောက်သစ်ပင်နှင့် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးမြို့တင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ဆွေဦး (ဘ) ဦးသောင်းတင် (၉/မတရ(နိုင်)၀၈၉၂၅၅)ကိုင်ဆောင်သူကပိုင်ဆိုင်ထားကြောင်းယင်းမြေကွက်၊ အဆောက်အဦတို့၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အရပ်ရပ်တို့အား ဦးတင်ဆွေဦးမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏အမှုသည်က အဆိုပါမြေကွက်နှင့် အဆောက်အဦကို ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဦးတင်ဆွေဦးပိုင်ဆိုင်သော (၆၀×၈၀)ပေ မြေကွက်၊ အဆောက်အဦ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှ (၁၄) ရက်အတွင်းခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏဆွေ(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၁၅၉၇/ ၂၉-၁၁-၂၀၁၆) LL.B,D.B.L**
**အမှတ်(၈၂)၊ ၆၃လမ်း၊ ၃၄× ၃၅လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။**
**၀၉-၉၆၄၄၁၅၁၅၀၊ ၀၉-၂၅၀၄၁၅၁၅၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၅) အကွက်အမှတ်(၈၀-ခ) ဦးဆောင်းပိုင် ကွင်း(၀ ဒသမ ၇၀) ဧကအတွင်းမှ ဦးလောကွေ့ ပိုင်ဆိုင်သည်ဟု အဆိုပြုသည့် မြေဧရိယာ (၄၀×၁၂၀)ပေ မြေကွက်နှင့်ကွင်းအမှတ်(၅၁၈)ဦးပိုင်အမှတ်(၆၆/၄) ဦးမြို့တင် ပိုင် ကွင်းအတွင်းမှ ဦးလောကွေ့ ပိုင်ဆိုင်သည်ဟု အဆိုပြုသည့် မြေဧရိယာ အရှေ့မျက်နှာစာ(၄၀×၆၀)ပေ အနောက်အကျယ်(၂၀×၆၀)ပေ အသီးသီးအကျယ်ဝန်းရှိသည့် မြေကွက်များကို ဦးမြို့တင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလောကွေ့ (ဘ) ဦးလောက်ဝမ် (၁၃/လရန(နိုင်)၀၉၃၅၅၈) ကိုင်ဆောင်သူက ပိုင်ဆိုင်ကြောင်းယင်းမြေကွက်တို့၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အရပ်ရပ်တို့အား ဦးလောကွေ့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏အမှုသည်က အဆိုပါမြေကွက်များကို ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါဦးလောကွေ့ ပိုင်ဆိုင်သည်ဟုအဆိုပြုသည့် မြေဧရိယာ (၄၀×၁၂၀)ပေ မြေကွက်၊ မြေဧရိယာ (အရှေ့မျက်နှာစာ (၄၀×၆၀)ပေ၊ အနောက်အကျယ် (၂၀×၆၀)ပေ အသီးသီးအကျယ်ဝန်းရှိသည့် မြေကွက်များ၏ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏဆွေ(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၁၅၉၇/ ၂၉-၁၁-၂၀၁၆) LL.B,D.B.L**
**အမှတ်(၈၂)၊ ၆၃လမ်း၊ ၃၄× ၃၅လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။**
**၀၉-၉၆၄၄၁၅၁၅၀၊ ၀၉-၂၅၀၄၁၅၁၅၀**

# မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် စပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့ပြသာယာလှပရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများရရှိစေရေးအတွက် အပတ်စဉ် စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ဌာနဆိုင်ရာများ၊ ပြည်သူများ၊ တပ်နယ် မိသားစုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက စံပြရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို အလှည့်ကျ ဌာနဆိုင်ရာ ၁၄ ခုတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ စုစုပေါင်းအင်အား ၁၄၇ ဦး ပူးပေါင်းပါဝင်ခဲ့ကြပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ရှေ့ ပန်းခြံ၊ နှစ်ထပ်ဆောင်ရှေ့ ပန်းခြံနှင့် ဆေးရုံရှေ့မျက်နှာစာ နေရာများရှိ ပေါင်းမြက်များ၊



အမှိုက်နှင့် ချုံနွယ်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းလတ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်ထူးမြတ်တို့က လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

(၄၅၆)

*-*-*-*-*-*-*



# အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

တောင်တွင်းကြီး အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့တွင် ရာသီဥတုပြောင်းလဲပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့လယ်လမ်းဆုံ၊ တောင်တွင်း-မကွေးလမ်း၊ မြို့မဈေးထောင့်နှင့် လူစည်ကားရာ နေရာများတွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါဖြန့်ဝေသည့် လက်ကမ်းစာစောင်များတွင် သတိပြုရမည့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ၊ အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ အပူဒဏ်ကာကွယ်ရေး ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်း၊ အပူဒဏ်အထူးသတိပြုရမည့်အချက်များ ပါဝင်သည်။

(အပေါ်ပုံ)

ထိုသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဓိသနီးမြေ)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ပေး

စေတုတ္တရာ အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပွင့်တောက်ကျေးရွာ၌ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အကြောင်းအရာများ၊ စီမံကိန်းချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၄၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပွင့်တောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၄၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၂၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၈၀ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၄၀ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ကိုညို(ကျေးလက်)



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# မန္တလေးအဝေးသင်တက္ကသိုလ်
# ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲကို အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအတွက် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| သက်ဆိုင်သည့် ကျောင်းသား/ကျောင်းသူများ | – အထူးပြုဘာသာရပ်များအားလုံး ၂၀၂၅ ပညာသင်နှစ် (ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲအောင်မြင်သူများအားလုံး) |
| အစမ်းလေ့ကျင့်ခြင်း | –(၂၉–၁၂–၂၀၂၆)ရက်နေ့ |
| ဘွဲ့နှင်းသဘင်ကျင်းပခြင်း | – (၃၀–၁၂–၂၀၂၆)ရက်နေ့ |
| လျှောက်လွှာတင်သွင်းရမည့်ရက် | –(၂–၁၁–၂၀၂၆)မှ (၂၀–၁၁–၂၀၂၆)အထိ |
| ကျင်းပမည့်နေရာ | – မန္တလေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ |

၂။ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် (၁ ၁/၂ "×၂")အရွယ် (၆)လအတွင်း ရိုက်ထားသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံ နောက်ခံအပြာရောင်ဖြင့် ကြည်လင်ပြတ်သားသော ရောင်စုံဓာတ်ပုံအသစ်(၅)ပုံ၊ မှတ်ပုံတင်မိတ္တူ(၁)စုံ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ(၁)စုံတို့ ပူးတွဲလျက် တင်ပြလျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် သတ်မှတ်ဝတ်စုံအနေဖြင့် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရန်နှင့် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အခြားဘွဲ့ရမောင်မယ်များအား အနှောင့်အယှက်ဖြစ်စေမည့် သရုပ်ပျက်စေသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်း မပြုလုပ်ရပါ။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ပေးသွင်းရပါမည်။

၅။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မန္တလေးအဝေးသင်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ယူရရှိနိုင်ပါသည်။

၆။ ဘွဲ့လျှောက်လွှာပုံစံကို မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သတ်မှတ်အခကြေးငွေများ ပေးသွင်းပြီး အထောက်အထား စာရွက်စာတမ်းများနှင့်အတူ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။ ဘွဲ့လျှောက်လွှာပုံစံ မပြည့်စုံ၍သော်လည်းကောင်း၊ ကျသင့်ငွေ ပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်လျှင်သော်လည်းကောင်း၊ ဘွဲ့လက်မှတ်ပေးအပ်ရန် မလျှောက်ထားခဲ့လျှင်သော်လည်းကောင်း ဘွဲ့လက်မှတ်အပ်နှင်းပေးမည် မဟုတ်ပါ။

၇။ ၂၀၂၅ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှ ဘွဲ့နှင်းသဘင်သို့ (အမှန်တကယ်) ဘွဲ့တက်ရောက်နိုင်သူများသာ တက်ရောက်ဘွဲ့လျှောက်ထားကြရန်နှင့် တက်ရောက်ယူနိုင်ခြင်း မရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားရန် ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်သို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးပြီးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

**(သင်းသင်း၊ မော်ကွန်းထိန်း)**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**မန္တလေးအဝေးသင်တက္ကသိုလ်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိရိပ်မွန်အိမ်ရာ၊ အခန်း(10/D)နေ ဦးအုန်းသွင်(ဘ) ဦးအေးမောင်(၉/ခမစ(နိုင်)၀၁၃၈၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူ (ဖခင်)ဦးအေးမောင်နှင့် (မိခင်)ဒေါ်လှအေးတို့တွင် သားသမီး(၆)ဦး မွေးဖွားခဲ့ကြောင်း၊ ၎င်းတို့မှာ ဦးသိန်းဇော်၊ ဒေါ်ဝေဝေလွင်၊ ဦးမျိုးမင်းသိန်း၊ ဒေါ်မြင့်မြင့်နိုင်၊ ဦးဝင်းသူ၊ ဦးအုန်းသွင်တို့ဖြစ်ကြောင်း၊ (ဖခင်)ဦးအေးမောင်နှင့် (မိခင်)ဒေါ်လှအေး တို့ လက်ထပ်ပေါင်းသင်းစဉ် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်(၃၃)မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦ ဖြစ်ထွန်းခဲ့ကြောင်း၊ ဦးအေးမောင်သည် (၁၃-၄-၁၉၉၅)ခုနှစ်တွင်လည်းကောင်း၊ ဒေါ်လှအေးသည် (၅-၉-၂၀၂၆)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားခဲ့ကြောင်း၊ (ဖခင်)ဦးအေးမောင်နှင့် (မိခင်)ဒေါ်လှအေးတို့ ကွယ်လွန်သောအခါ အမွေပစ္စည်းအဖြစ် အဆိုပါ မြေနှင့်အဆောက်အဦ ကျန်ရစ်ခဲ့ပါသည်။

အမွေပစ္စည်းဖြစ်သော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်(၃၃) မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦမှာ အမွေဆိုင်များအကြား ခွဲဝေရခြင်းမရှိသေးသောကြောင့် အမွေသက်ဆိုင်သူ ဦးအုန်းသွင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ –**
**ဦးအုန်းသွင်**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သူဆန်း (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၃၇၄)၊ ၈၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၅၄၇၇၅၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ/၆၇၉) သည် တိုးချဲ့မြေကွက်သစ် မြေနေရာချထားရေးအဖွဲ့မှ ဦးလတ် ရရှိသော မြေငှားဂရန်မြေကွက် ပေ(၄၀×၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁) ဧကအနက် အရှေ့ဘက်ခြမ်း ပေ(၄၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မာမာဌေး(ခ)ဒေါ်အိအိဌေး(၉/ပသက(နိုင်)၀၁၅၄၉၇)ကလည်းကောင်း၊ အနောက်ဘက်ခြမ်း ပေ(၄၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သန္တာထွန်း(၉/အမဇ(နိုင်)၀၂၀၆၉၃)ကလည်းကောင်း ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူ၍ ယနေ့အချိန်အထိ လက်ရောက်ပိုင်ဆိုင် နေထိုင်လာခဲ့သော မြေကွက် ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများသည် ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လွှဲအပ်ထားခြင်း လုံးဝမရှိပါကြောင်း၊ ဝယ်ယူစဉ်က ရရှိခဲ့သော ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါကြောင်းနှင့် တရားဝင်ပိုင်ဆိုင်ခွင့် ရရှိရန်အတွက် သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် မြေငှားဂရန်အား ပြန်လည်လျှောက်ထားမည့် လုပ်ငန်းဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အကြောင်းအရာကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာမာဌေး**
**(၉ /ပသက(နိုင်)၀၁၅၄၉၇)**
**စ/၆၇၉(အရှေ့ဘက်ခြမ်း)**
**စည်သာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း ၀၉-၄၀၂၆၇၂၁၃၉**

**ဒေါ်သန္တာထွန်း**
**(၉ /အမဇ(နိုင်)၀၂၀၆၉၃)**
**စ/၆၇၉(အနောက်ဘက်ခြမ်း)**
**စည်သာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း ၀၉-၄၃၀၇၈၁၂၁**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်(၁၄၁)၊ ဦးပိုင်(၄၃-က)၊ မြေကွက်ပေါ်တွင် ဦးဇော်လင်း (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မနမ(နိုင်)၁၁၇၆၁၇) က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်(၃၈)၊ ဦးပိုင်(၃-ဃ)၊ မြေကွက်ပေါ်တွင် ဦးသူလာစီရမ်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မကန(နိုင်)၀၀၀၂၅၅) က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်(၁၆၈)၊ ဦးပိုင်(၂၇-ခ)၊ မြေကွက်ပေါ်တွင် ဦးစံစံ (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ဗဟန(နိုင်)၀၄၂၇၂၇) က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်(၄၁၅-N)၊ ဦးပိုင်(၁၀၀-ခ ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးကျော်ကျော်မိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မနမ(နိုင်)၁၂၁၄၈၈)က မြေစိုက်တာဝါ အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၃၃)၊ ဦးပိုင်[၇၈(က+ဋ+ဈ+ဠ+ည)+၂-က+၁(က+ခ)]၊ မြေကွက်ပေါ်တွင် ဦးစနည်အောင်(ပါ-၄) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/အမဇ(နိုင်)၀၀၂၅၉၀)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၃၃)၊ ဦးပိုင်[၇၈(က+ဋ+ဈ+ဠ+ည)+၂-က+၁(က+ခ)]၊ မြေကွက်ပေါ်တွင် ဒေါ်မေသက်ခိုင်(ပါ-၄) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/အမဇ(နိုင်)၀၂၄၁၀၈)က အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၃၃)၊ ဦးပိုင်[၇၈(က+ဋ+ဈ+ဠ+ည)+၂-က+၁(က+ခ)]၊ မြေကွက်ပေါ်တွင် ဒေါ်ငြိမ်းငြိမ်းသက်(ပါ-၄) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/အမဇ(နိုင်)၀၂၄၁၀၇)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၁၅)၊ ဦးပိုင်(၄၄-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဦးကျော်မင်း (ပါ-၅) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မမန(နိုင်)၀၃၁၂၄၁) က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၂/၁၈၂)၊ ဧရိယာ(၃၀×၄၀)ပေအကျယ်အဝန်းရှိ ဒေါ်ခင်မူယာစိုး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နိုင်ဆွေဝင်း(၉/မနမ(နိုင်)၀၀၅၇၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်တွက် ရောင်းကြေးစရန်ငွေများပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝဏ္ဏ**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ချ–၄/၇၀–က)၊ ၆၁(ဘီ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၇၇၈၂၁၅၀၊ ၀၉–၉၇၀၁၁၅၁၁၈။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဇော်မင်းနိုင် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဆန်း(ဘ)ဦးမှုံ(၅/အရတ(နိုင်)၀၀၀၅၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝဏ္ဏ**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ချ–၄/၇၀–က)၊ ၆၁(ဘီ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၇၇၈၂၁၅၀၊ ၀၉–၉၇၀၁၁၅၁၁၈။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(၃)၊ ဦးပိုင်၂၇(ခဲစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်ထက်ထက်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၆၀၀၃၈)က SS-၂ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်(၇+၈)၊ ဦးပိုင်(၁၀၇-က)၊ မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၁၀၇၉၈၆)က SS-၃ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၅၂-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သန်းတင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဟမလ(နိုင်)၀၂၈၀၅၆)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ခ-၇)၊ ဦးပိုင်အမှတ်(၂)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းခမ်းမွန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၃၂၄၆၂)က ဖျက်မိန့် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(၇+၈)၊ ဦးပိုင်အမှတ်(၁၀၇-က)၊ မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၁၀၇၉၈၆)က ဖျက်မိန့် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## " အောင်သန်းဝေ ATW ကိုမျိုးချစ်နှင့်ညီများ ကုန်အမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၃၉ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားနေ ဦးမျိုးချစ်(ဘ)ဦးလှ (၉/မတရ(နိုင်)၀၀၇၆၂၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ်–(၁၁၅၆/ ၂၀၂၁)**

ကျွန်ုပ်၏ လွှဲအပ်ညွှန်ကြားသူ ဦးမျိုးချစ်သည် အထက်ဖော်ပြပါ "အောင်သန်းဝေ ATW ကိုမျိုးချစ်နှင့်ညီများ" တံဆိပ်ကို တစ်ဦးတည်းမူပိုင်/အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၁၅၆/၂၀၂၁)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး၊ ယင်းအမှတ်တံဆိပ်ဖြင့်(စပါးခြွေလှေ့စက်အမျိုးမျိုး)တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်၏လွှဲအပ်ညွှန်ကြားသူ ဦးမျိုးချစ် ပိုင်ဆိုင်သော "အောင်သန်းဝေ ATW ကိုမျိုးချစ်နှင့်ညီများ" အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမား၊ ထင်ယောင်ထင်မှားတုပသုံးစွဲခြင်း၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းမျိုးတူများပေါ်တွင် "အောင်သန်းဝေ"အမည်အား တပ်ဆင်ပြီး အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားဖြစ်အောင် ယှဉ်တွဲအသုံးပြုခြင်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်းဒေသ/မြောက်ပိုင်းဒေသ) စပါးခြွေလှေ့စက်ရောင်းချသည့်ဆိုင်များသည် "အောင်သန်းဝေ"၏ထုတ်ကုန်မဟုတ်ဘဲ၊ အခြားသူများ၏(အရည်အသွေး)ကောင်းမွန်ခြင်းမရှိသော ထုတ်ကုန်များပေါ်တွင် "အောင်သန်းဝေ"အမည်တပ်ဆင်ခြင်း၊ အစရှိသည့် နည်းအမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏လွှဲအပ်ညွှန်ကြားသူ ဦးမျိုးချစ်ပိုင်ဆိုင်သော အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိ(အတုအပ)ပြုလုပ်ဆောင်ရွက်လာပါက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်ဆဲတရားဥပဒေများ" နှင့်အညီ တရားစွဲဆိုခြင်း၊ နစ်နာကြေးရလိုမှုတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးမျိုးချစ်(ဘ)ဦးလှ**
**၉/ မတရ(နိုင်)၀၀၇၆၂၃**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**

**(နန–၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**
thetnaingsoe lawyer @gmail.com

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၁)၊ ဦးပိုင်အမှတ်(၂၁)၊ ၁၁၀(A)လမ်း၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ခင်ဦး အမည်ပေါက်ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC(၆)ထပ်တိုက်အဆောက်အဦ၏ ရှေ့ဘက်ခြမ်း ဒုတိယထပ်(၃-လွှာ)၊ ဧရိယာ(၁၈×၅၅)ပေ အကျယ်အဝန်းရှိ လူနေတိုက်ခန်းနှင့် လျှပ်စစ်မီးမီတာ(၁)လုံး၊ ရေတင်မော်တာ(၁)လုံး၊ ရေသုံးစွဲခွင့်များအပါအဝင် တိုက်ခန်းအင်္ဂါရပ်နှင့် အညီသွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်များ၊ ယင်းတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်သဲဆုမွန်(ဘ)ဦးပြုံးချို(၉/မကန(နိုင်)၁၁၁၉၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် ယုံကြည်သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိဘဲ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထူးမြတ်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**အကွက်အမှတ်(ဓ–၄/ ၂၂–က)၊ ၆၁(B)လမ်း၊ ၁၁၁လမ်းနှင့် ၁၁၁(A)လမ်းကြား၊ မြို့သစ်(၄)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၆၄၅၅၆၄။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မင်းဇံရပ်ကွက်၊ အကွက်(၅၁၄)၊ ၈၂လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားနေ ဦးခင်မောင်တင့်(၉/မရတ(နိုင်)၀၅၃၂၇၃)နှင့် ဒေါ်သောင်းသောင်း(၅/ငဇန(နိုင်)၀၀၆၃၈၆)၏သမီး မမေဖုန်းတင့်(၉/မဟမ(နိုင်)၀၇၄၀၂၂)သည် မိဘများစိတ်ထိခိုက်အောင် အမျိုးမျိုးပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့် ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်တင့်+ဒေါ်သောင်းသောင်း**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ သို့ ☆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၈**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်ပါသည်။

**မိုး/ဇလ**

## အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာ့တပ်မတော်ဘောလုံးအဖွဲ့ ထွက်ခွာ



**နေပြည်တော် အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် သိန်းနိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့တွင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ စုစုပေါင်း ၃၀ ဦး လိုက်ပါသွားပြီး အိန္ဒိယတပ်မတော်မှ ဘောလုံးအသင်းတို့နှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်ယူနိုက်တက်အသင်းက ဘိုနီယိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံရှိ ဆီဂီရီကွင်း၌ ဘိုနီယိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ကစားသမား သန်းပိုင်၏ ဧရိယာထိပ်မှ ကန်သွင်းယူမှု ဂိုးပေါက်နှင့် အနည်းငယ်ကပ်ထွက်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးရရှိရေးနှင့် ဂိုးမပေးရရေးအတွက် အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ခဲ့သော်လည်း ဘိုနီယိုအသင်း၏ ဦးဆောင်ဂိုးများကို ခွင့်ပြုခဲ့ရပြီး ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘိုနီယိုအသင်းအတွက် ဦးဆောင်ဂိုးများကို မန်ဒွန်ဂါနှင့် ဒီယာရာတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့် အောက်တိုဘာ ၂၄ ရက်၊ ညနေ မြန်မာစံတော်ချိန် ၆ နာရီခွဲတွင် စီဂီရီကွင်းတွင် တိုင်နမ်စီးတီးအသင်းနှင့် AFC Challenge League 2026-27၏ ဒုတိယအုပ်စုပွဲစဉ် အဖြစ်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(NGB)**



## ပရီးမီးယားလိဂ်ပွဲစဉ်(၇)တွင် ဘရိုက်တန်၊ ဘုန်းမောက်နှင့် အာဆင်နယ်တို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် အောက်တိုဘာ ၁၉**

ပရီးမီးယားလိဂ်ပွဲစဉ်(၇)တွင် ဘရိုက်တန်၊ ဘုန်းမောက်နှင့် အာဆင်နယ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက ဘရိုက်တန်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရိုက်တန်အသင်းက ပဲလေ့စ်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဘုန်းမောက်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ပွဲစဉ်တွင်လည်း ဘုန်းမောက်အသင်းက ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက အာဆင်နယ်အသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် မာဒူအေကေက သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၇) ယှဉ်ပြိုင်ကစားအပြီးတွင် အာဆင်နယ်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၂)နေရာ၊ ဘရိုက်တန်အသင်းက ရမှတ် ၁၆မှတ်ဖြင့် အဆင့် ၃နေရာ၊ ဘုန်းမောက်အသင်းက ရမှတ် ၆မှတ်ဖြင့် အဆင့်(၁၅)နေရာတို့တွင် ရပ်တည်ခဲ့သည်။

**နိုင်ကမ္ဘာ**

